ကြေးမုံ
The Mirror Daily
၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday, 10 December 2024 ၁၁၆၆၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပ

## ယခုအားကစားပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် အားကစားသမားများအနေဖြင့် အောင်မြင်မှုရအောင်၊ နိုင်ငံ့လက်ရွေးစင်ဖြစ်အောင်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ကြိုးစားယှဉ်ပြိုင်



**နေပြည်တော် ဒီဇင်ဘာ ၉**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပြီး ဂုဏ်ပြုအမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား၌ အဖွင့်အမှာစကား ပြောကြားစဉ်။



ကြေးမုံ

# သတင်းမီဒီယာလောကအကျိုး နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးဆောင်

လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများ အကျိုးစီးပွားကို ဖော်ဆောင်ရန်အတွက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်ဟူသည့် မဏ္ဍိုင်ကြီး(၃)ရပ်ရှိသည်။ အဆိုပါမဏ္ဍိုင်ကြီး (၃)ရပ်သည် ပြည်သူလူထုအကျိုးစီးပွားကို တည့်တည့်မတ်မတ် ရှေးရှုဆောင်ရွက်ပေးရသည်။ ယင်းမဏ္ဍိုင်ကြီး(၃)ရပ် တည့်မတ်မှန်ကန်နေစေရန်အတွက် စတုတ္ထမဏ္ဍိုင်ဟုခေါ်ဆိုသည့် မီဒီယာမဏ္ဍိုင်က စောင့်ကြပ်ကြည့်ရှုပေးရသည်။

နိုင်ငံတော်၏ မဏ္ဍိုင်ကြီး(၃)ရပ် အစဉ်အမြဲတည့်မတ်နေစေရန်အတွက် အရည်အချင်းပြည့်ဝပြီး သမာသမတ်ရှိသည့် မီဒီယာများက စောင့်ကြပ်ကြည့်ရှုထိန်းကျောင်းပေးရမည်ဖြစ်သည်။ စေတနာမှန်ကန်စွာဖြင့် ထောက်ပြခြင်း၊ ဝေဖန်ခြင်း၊ အကြံပြုခြင်းစသည်တို့ကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ မူလမဏ္ဍိုင်ကြီး(၃)ရပ် မယိမ်းမယိုင် မတိမ်းစောင်းရအောင် ကျားကန်ထောက်မပေးရမည်။ ထိုသို့ဆောင်ရွက်မှသာ ခြေလေးချောင်းထောက်ညီသည့် စားပွဲတစ်လုံးကဲ့သို့ မယိမ်းမယိုင်တည့်မတ်ခိုင်မြဲနေမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏ မဏ္ဍိုင်ကြီး(၃)ရပ်သည် အရေးကြီးသလို စတုတ္ထမဏ္ဍိုင်ကြီးသည်လည်း အရေးပါသဖြင့် အပြန်အလှန်ထိန်းကျောင်းတည့်မတ်ပေးကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို မျှော်မှန်းအကောင်အထည်ဖော်နေသည့်နိုင်ငံဖြစ်သည်။ ဒီမိုကရေစီနိုင်ငံတွင် သတင်းမီဒီယာအခန်းကဏ္ဍသည် အထူးအရေးပါသည်။ ထို့ကြောင့် ဒီမိုကရေစီအစိုးရအဆက်ဆက်တို့က သတင်းမီဒီယာ၏ အခန်းကဏ္ဍကို အထူးအလေးထားဆောင်ရွက်ပေးခဲ့သည်။ ထို့ကြောင့် ပြည်သူများက ရွေးချယ်တင်မြှောက်သည့် ဒီမိုကရေစီအစိုးရ ပထမသက်တမ်းကာလ ၂၀၁၄ ခုနှစ်တွင် စာနယ်ဇင်းလောက ဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းမီဒီယာဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။ သတင်းမီဒီယာဥပဒေ၏ ရည်ရွယ်ချက်တွင် "သတင်းမီဒီယာလုပ်ငန်းသည် စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာ ရပ်တည်နိုင်စေရန်"ဟု အတိအလင်းဖော်ပြထားသည်။

နိုင်ငံတော်အနေဖြင့် သတင်းမီဒီယာကဏ္ဍကို အထူးစိတ်ဝင်စား အလေးထားသကဲ့သို့ မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တတ်နိုင်သည့်ကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ သတင်းမီဒီယာလောကအနေဖြင့်လည်း သတင်းမီဒီယာကျင့်ဝတ်များနှင့်အညီ ပြည်သူလူထု၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုစေရန်၊ သတင်းနှင့် မီဒီယာအခန်းကဏ္ဍဆိုင်ရာ နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်စေရန်၊ မြန်မာ့မီဒီယာလောကအနေဖြင့် နိုင်ငံတကာစံနှုန်းများ၊ ကျင့်ဝတ်များနှင့်အညီ ခေတ်မီ မီဒီယာနည်းပညာများကို သင်ယူလေ့လာဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာသည် ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေစွာ ဖော်ထုတ်ရေးသားရာတွင် အဓိကကျသည့် ပွင့်လင်းမြင်သာစွာ ရေးသားဖော်ထုတ်ရေးသာမက ပြည်သူတစ်ဦးချင်းစီအတွက် သိသင့်သိထိုက်သည့် ဗဟုသုတအချက်အလက်များ ဖြန့်ဝေပေးခြင်းအားဖြင့် အစိုးရ၏ ပွင့်လင်းမြင်သာ ဆောင်ရွက်မှုများကို တိုးတက်လာအောင် ဆောင်ရွက်ပေးနိုင်သည်။ ထိုသို့ဆောင်ရွက်မှသာ နိုင်ငံတော်နှင့် ပြည်သူက ယုံကြည်လေးစားအားထားရသည့် သတင်းမီဒီယာအဖွဲ့အစည်းများအဖြစ် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်နှင့် ပြည်သူကို အကျိုးပြုမည့် သတင်းမီဒီယာများဖြစ်လာပေမည်။

သတင်းမီဒီယာသမားများသည် ဖြစ်ပေါ်နေသည့် သတင်းအချက်အလက်များကို အခြေခံပြီး အမှန်တရားကို ထုတ်ဖော်ရမည့်သူများဖြစ်သည်။ စစ်မှန်သည့် သတင်းမီဒီယာသမား၊ တာဝန်သိသည့် သတင်းသမားများကို တိုင်းပြည်၏ ကြီးလေးသောတာဝန်များကို ထမ်းဆောင်နေသည့် "ပြည်ကြီးပခုံး"၊ "ပြည်ကြီးမျက်လုံး"ဟု ဆိုကြသည်။ သို့သော် မျက်မှောက်ကာလ သတင်းမီဒီယာကဏ္ဍတွင် ကျင့်ဝတ်ဖောက်ဖျက်လုပ်ကိုင်နေမှုများကို တွေ့ရသည်။ ပြည်တွင်းပဋိပက္ခများ၊ သဘောထားကွဲပြားမှုများကို ပြေလျော့အောင်၊ ပြေလည်အောင် ဖော်ဆောင်ပေးရမည့်အစား မီးလောင်ရာလေပင့်ပေးသကဲ့သို့ ပဋိပက္ခများ ပိုမိုအားကောင်းလာအောင် ဖန်တီးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ဘက်လိုက်ရေးသားသည့် သတင်းမီဒီယာများ၊ ကျင့်ဝတ်သိက္ခာမဲ့သည့် သတင်းမီဒီယာများ၊ နိုင်ငံနှင့် လူမျိုး အကျိုးစီးပွားကို မကြည့်ဘဲ တိုင်းတစ်ပါး ကြိုးဆွဲရာအလိုကျရေးသားနေသည့် သတင်းမီဒီယာများက တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်နေကြသည်ကို သတိပြုကြရမည်ဖြစ်သည်။ သတင်းတု၊ သတင်းမှားများ၊ အမုန်းစကားများ၊ ကောလာဟလသတင်းများဖြန့်ဝေပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြား လှုံ့ဆော်နေမှုများကို ချေဖျက်ရမည်ဖြစ်သည်။ သို့ဖြစ်ရာ ပြည်သူများကြားတွင် မှန်ကန်သောအသိအမြင်များ တိုးပွားရေးအတွက် သတင်းမီဒီယာကဏ္ဍကို ထိန်းကျောင်းတည့်မတ်ပြီး ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၉

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"အစွန်းရောက် အကြမ်းဖက်တွေရဲ့ တော်လှန်ရေးခေါင်းစဉ်အောက်မှာ အသက် ၊ ငွေကြေး ၊ ဘဝတွေ ရင်းနှီးနေရသောပြည်သူများ"** ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"လက်နက်ကိုင်သောင်းကျန်းသူများရဲ့ အဓမ္မဆက်ကြေးကောက်လမ်းစဉ်ကို ဖဝါးထပ်လိုက်လာတဲ့ အကြမ်းဖက် PDF တွေကြောင့် အညာဒေသမှတောင်သူများ ဒုက္ခရောက်နေ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဒီဇင်ဘာ ၉**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ စာပဒေသာ ဒုတိယဆုရ **"အောင်ဘ(အုတ်ဖို)"** ရေးသားသည့် **"လူဆိုးပြေးတော့ လူကောင်းရောက်ပြီ"** စာအုပ်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

**ဆက်သွယ်နိုင်**

စာပေဗိမာန် စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန် စာအုပ်အသင်းအမှတ် (၅၂၉/ ၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း -၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၉ -၁၂-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၆၀၀ | ၂၉၀ | ၂,၄၉၆,၀၀၀ |
| MTSH | ၃,၁၅၀ | ၃,၂၀၀ | ၄၂၃ | ၁,၃၅၂,၈၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၁၆ | ၁၂၉,၆၀၀ |
| FPB | ၂,၀၀၀ | ၂,၀၀၀ | ၂၇ | ၅၄,၀၀၀ |
| TMH | ၃,၀၅၀ | ၃,၀၀၀ | ၁၀၂ | ၃၁၁,၀၅၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၁,၄၄၇ | ၂,၄၆၆,၉၅၀ |
| AMATA | ၄,၆၀၀ | ၄,၇၀၀ | ၅၈၀ | ၂,၆၇၃,၀၀၀ |
| MAEX | ၃,၂၀၀ | ၃,၂၀၀ | ၃၀၅ | ၉၇၆,၀၀၀ |
| MADPL(PLB) | ၃,၃၀၀ | ၃,၃၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - ဦးအေဝမ်းစိုး | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မိမိတို့နိုင်ငံတွင် အဂတိလိုက်စားမှုများ ကင်းရှင်းစေရန် အားလုံးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တက်ညီလက်ညီ ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၉**

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၁) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဗီဒီယိုပြိုင်ပွဲတွင် ပထမဆု ရရှိသူ ဒေါ်နှင်းယွန်းယုဉ်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး အပြည်ပြည်ဆိုင်အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြု ပေးအပ်စဉ်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

- **အဂတိလိုက်စားမှုသည် လူ့ဘောင်လောကကို အရုပ်ဆိုးအကျည်းတန်စေပြီး ကောင်းမွန်သည့် လူမှုစီးပွားဘဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည့် မကောင်းမှု ဒုစရိုက်တစ်ခုပင်ဖြစ်**
- **အဂတိလိုက်စားမှုများကြောင့် လူ့ဘောင်လောကတွင် တရားမျှတမှု ပျောက်ကွယ်ပြီး နိုင်ငံတော်နှင့် အများပြည်သူကို ထိခိုက်စေ**
- **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်ကို ပျက်စီးစေရုံသာမက တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုကိုလည်း ထိခိုက်စေနိုင်**

## စတင်သတ်မှတ်

ထို့နောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းနှင့် တိုက်ဖျက်ခြင်းများတွင် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း၏ အခန်းကဏ္ဍနှင့် စပ်လျဉ်းပြီး အသိပညာမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဒီဇင်ဘာ ၉ ရက်ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် ၂၀၀၃ ခုနှစ်တွင် စတင်သတ်မှတ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံများတွင် အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိကြောင်း။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ ဦးတည်ချက်မှာ **"ဖြောင့်မတ်တည်ကြည်သော အနာဂတ် ဖော်ဆောင်ဖို့ အဂတိတိုက်ဖျက် လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့ (Uniting with Youth against Corruption: Shaping Tomorrow's Integrity)"** ဖြစ်ကြောင်း၊ အဆိုပါဆောင်ပုဒ်သည် မိမိတို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်က ၂၀၂၂ ခုနှစ်က စတင်ဆောင်ရွက်နေသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ လူငယ်အသိပညာပေး အစီအစဉ်နှင့် စကားဝိုင်းဆွေးနွေးပွဲများ၊ ပညာရေးနှင့် ပူးပေါင်းဆောင်ရွက်ချက်များ၏ ဦးတည်ရည်မှန်းချက်များနှင့် တူညီနေကြောင်း၊ ကော်မရှင်၏ စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိနေသည့် လုပ်ငန်း တစ်ရပ်ဖြစ်သည်ကို တွေ့ရှိရကြောင်း။

## မကောင်းမှု ဒုစရိုက်တစ်ခုပင်ဖြစ်

အဂတိ လိုက်စားမှုသည် လူ့ဘောင်လောကကို အရုပ်ဆိုး အကျည်းတန်စေပြီး ကောင်းမွန်သည့် လူမှုစီးပွားဘဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည့် မကောင်းမှု ဒုစရိုက်တစ်ခုပင်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုများကြောင့် လူ့ဘောင်လောကတွင် တရားမျှတမှု ပျောက်ကွယ်ပြီး နိုင်ငံတော်နှင့် အများပြည်သူကို ထိခိုက်စေကြောင်း၊ ထို့ပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်ကို ပျက်စီးစေရုံသာမက တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ် အေးချမ်းမှုကိုလည်း ထိခိုက်စေနိုင်ကြောင်း၊ လက်တွေ့တွင်လည်း အဆိုပါအယူအဆ မှန်ကန်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

အဂတိလိုက်စားမှု ပြဿနာသည် မိမိတို့နိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းတွင် ပျံ့နှံ့နေသည့် ရောဂါဆိုးတစ်ခု ဖြစ်နေကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အစိုးရပိုင်းများသာမက ပုဂ္ဂလိကပိုင်းနှင့် အမြတ်အစွန်းမဟုတ်သည့် အချို့ကုသိုလ်ဖြစ် လှူဒါန်းရေးအဖွဲ့များတွင်ပါ အမြစ်တွယ်လာနေသည့် ပြဿနာ တစ်ခုဖြစ်ကြောင်း။

**စာမျက်နှာ ၄ သို့** ✳




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

✻ စာမျက်နှာ ၃ မှ

အဂတိလိုက်စားမှု ဆိုသည်ကို သာမန်အားဖြင့် လာဘ်ပေး လာဘ်ယူမှုလောက်သာ ထင်မှတ်ကြသော်လည်း အမှန်တကယ်မှာ လူ့ဘောင်လောကတွင် ကျယ်ပြန့်နက်ရှိုင်းသည့် မကောင်းမှုကြီးဖြစ်ကြောင်း၊ ခြိမ်းခြောက်ငွေညှစ်ခြင်း၊ လိမ်လည်ခြင်း၊ နိုင်ငံတော်ဘဏ္ဍာနှင့် ပစ္စည်းများကို အလွဲသုံးစားလုပ်ခြင်း၊ ပြည်သူပိုင်ပစ္စည်းငွေကြေးများကို ကိုယ်ကျိုးအတွက် မသင့်မလျော်သုံးစွဲခြင်း၊ မလျော်သြဇာသုံးပြီး ကိုယ်ကျိုးအတ္တကို ရယူခြင်း စသည်များသည် အဂတိလိုက်စားမှု များပင်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုကြောင့် ရာဇဝတ်မှုများ ကျူးလွန်ခြင်း၊ အကြမ်းဖက် တိုက်ခိုက်မှုများကို အားပေးခြင်းများ ဖြစ်ပေါ်လာစေကြောင်း၊ ထို့အပြင်တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီစနစ်ကို ထိခိုက်စေခြင်းတို့ကို ဖြစ်စေခြင်းကြောင့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာကြီးတစ်ခု၊ ရောဂါဆိုးကြီးတစ်ခုဟု ဆိုနိုင်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးကြီးသည့် အဂတိလိုက်စားမှု လျော့နည်း ကျဆင်းလာစေရေး၊ အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်စေရေးနှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်ပေးရေးတို့အတွက် ရည်မှန်းချက်၊ ဦးတည်ချက်များ ချမှတ်ထားကြောင်း၊ နိုင်ငံတော်အတွက် စိတ်ရင်းစေတနာကောင်းကိုအရင်းခံပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုကြောင်း။

ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနတို့နှင့် ပူးပေါင်းပြီး အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေး Edutainment အစီအစဉ်များ၊ လူငယ်စကားဝိုင်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နေသည်ကို ကျေနပ်အားရဖွယ် တွေ့ရှိရကြောင်း၊ မျိုးဆက်သစ် လူငယ်များကြားတွင် အဂတိလိုက်စားမှုကို မနှစ်သက်၊ ရက်ရွံ့ဆန့်ကျင်သည့် စိတ်ဓာတ်များ ကိန်းအောင်းလာစေရန် ရည်ရွယ်ပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လူများတွင် ချစ်ခြင်း၊ မုန်းခြင်း၊ လောဘ၊ ဒေါသ၊ မောဟ၊ ဘယာစသည့် စိတ်အညစ်အကြေးများကြောင့် အဂတိမှု ကျူးလွန်လာကြခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များ၊ ကျောင်းသား ကျောင်းသူများကို ငယ်ရွယ်စဉ်ကစပြီး အဂတိကင်းရှင်းစေရန်၊ စိတ်ထားဖြူစင်သန့်ရှင်းစေရန် အတွက် လူ့ဂုဏ်သိက္ခာနှင့် လူမှုကျင့်ဝတ်များကို သွန်သင်ပြသ ဆုံးမပေးကြရန် လိုအပ်ကြောင်း။

အဂတိလိုက်စားမှုနှင့် ကြွယ်ဝချမ်းသာလာမှုကြောင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေတွင် အတိအကျထည့်သွင်း ပြဋ္ဌာန်းထားကြောင်း၊ ထို့ကြောင့် အဂတိလိုက်စားမှု ကျူးလွန်သူများကို တရားစွဲဆို အရေးယူရုံသာမက အဂတိလိုက်စားမှုကြောင့် ကြွယ်ဝချမ်းသာလာသည့် ငွေကြေးနှင့် ပစ္စည်းများ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းကို ဥပဒေနှင့်အညီ တိတိကျကျ ထိရောက်အောင် ဆောင်ရွက်ကြရန်လိုအပ်သည်ကို အသိပေးမှာကြားလိုကြောင်း။

**နိုင်ငံတော်ကြီး**
**ဖွံ့ဖြိုးတိုးတက်သာယာအောင်**
**ဝိုင်းဝန်းဆောင်ရွက်**
**"အဂတိပယ်ခွာ ပြည်သာယာ"**

ဆိုသည့် ကော်မရှင်၏ ဆောင်ပုဒ်နှင့်အညီ အဂတိလိုက်စားမှု ကင်းစင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပေါ်လာစေရန် အစိုးရနှင့် ပြည်သူလူထု တစ်ရပ်လုံးက အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းများကို စိတ်ပါဝင်စားစွာဖြင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်ဖွဲ့ချင်းက အဂတိကို ပယ်ခွာပြီး မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင်၊ ထို့မှတစ်ဆင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်သာယာအောင် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လေးလေးနက်နက် တိုက်တွန်းအပ်ကြောင်း။

မိမိတို့အစိုးရက ချမှတ်ထားသော **"ရှေ့သို့ ချီမည် ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal)** ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးကိုရှေးရှုပြီး လူမှုစီးပွားဘဝ တိုးတက် မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် ချမှတ်ထားသည့် ဦးတည်ချက်၊ ရည်မှန်းချက်များနှင့် မူဝါဒများကို လုပ်ငန်းလမ်းညွှန်များအဖြစ် အလေးအနက် ခံယူပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းများကို ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အဂတိလိုက်စားမှုများ ကင်းရှင်းစေရန်အတွက် အားလုံးကအဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် ပြောကြားရင်း (၂၁)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်တံဆိပ်အား ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေးက ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။**



**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး ကော်မရှင်၏လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် Video Clip ကို ကြည့်ရှုကြပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေး လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

○ ရှေ့ဖုံးမှ

အထူး ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အနုပညာရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အားကစားအသင်းများမှ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ တပ်မတော်သားများ၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ အားကစားဝါသနာရှင် ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးခြင်း ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။

**အလေးပြု**

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို စတင်ကျင်းပရာ အလွတ်ခုန်လေထီးအဖွဲ့မှ လေထီးစစ်သည်များက အမျိုးသားအားကစားပွဲတော်အလံနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလံများကို ဝေဟင်ထက်မှ မြေပြင်သို့ ချိတ်ဆွဲသယ်ဆောင်၍ ကွင်းအတွင်းသို့ ဂုဏ်ပြု ဆင်းသက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား အလေးပြုကြသည်။

ယင်းနောက် တေးသံရှင် ထူးအယ်လင်းက "ကျွန်ုပ်တို့မြန်မာပြည်"သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေပြီး မြန်မာ့ဆိုင်းဝိုင်း၊ မြန်မာ့တူရိယာများနှင့် ခေတ်မီဆန်းသစ်စွာ မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်ထားသည့် တေးသံသာနှင့်အတူ မီးအလှပြမှု(Lighting Show)ကို တင်ဆက်ပြသသည်။


ဆက်လက်၍ အခမ်းအနားကို အမှတ်စဉ်ရေတွက်၍ ဖွင့်လှစ်ပြီး တစ်ချိန်တည်းတွင် မီးရှူးမီးပန်းများပစ်ဖောက်ကာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ "လှပချစ်စရာတို့ရွှေမြန်မာ"တေးသီချင်းဖြင့် သရုပ်ဖော်တင်ဆက်ကပြကြသည်။

ထို့နောက် နိုင်ငံတော်စစ်တီးဝိုင်းက ကွင်းအတွင်းနေရာယူပြီး အလံတော်အဖွဲ့ ဦးဆောင်၍ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အားကစားအသင်းများ ကွင်းအတွင်းသို့ ဝင်ရောက်ချီတက်နေရာယူကြကာ နိုင်ငံတော်အလံကို လွှင့်တင်၍ အလေးပြုကြသည်။

ယင်းနောက် မြန်မာ့အားကစားရွှေခေတ်ကာလ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့်အားကစားသမားဟောင်းကြီးများက အမျိုးသားအားကစားပွဲတော်အလံကို ကွင်းအတွင်းသို့ သယ်ဆောင်လာပြီး အလံကို လွှင့်တင်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်ကို အကျိုးပြုမည့် လူ့စွမ်းအားအရင်းအမြစ်များရရှိရန်ဆိုပါက နိုင်ငံတော်ကချမှတ်ထားသည့် ဦးတည်ချက်(၉)ရပ်မှ လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် **"တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး"**ဟူသည့် အချက်ကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုကျင်းပသည့် အမျိုးသားအားကစားပွဲတော်ကြီးကို **"နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အောင်မြင်မှုရရှိစေရေး၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီ အားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ် အားကစားသမားများပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်လာစေရေးနှင့် ပြည်သူတစ်ရပ်လုံးအားကစားကို ပိုမိုစိတ်ဝင်စားလာပြီး အားကစားလှုပ်ရှားမှုများမှာ ပါဝင်လှုပ်ရှားကစားလာစေရေး"** ဟူသည့် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။






အလွတ်ခုန် လေထီးအဖွဲ့မှ လေထီးစစ်သည်များက အမျိုးသားအားကစားပွဲတော်အလံနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလံများကို ချိတ်ဆွဲသယ်ဆောင်၍ ကွင်းအတွင်းသို့ ဂုဏ်ပြုဆင်းသက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ပရိသတ်များက ကြည့်ရှုအားပေးစဉ်။

ထို့အပြင် ယခုကျင်းပသည့် အမျိုးသားအားကစားပွဲတော်ကြီးမှ နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် အမျိုးသားတို့၏ မျိုးချစ်စိတ်ဓာတ်ထက်သန်မှု၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့် အတူတည်ငြိမ်အေးချမ်းမှုကို ဖော်ထုတ်ပြသနိုင်သည့် ပွဲတော်ကြီးပင်ဖြစ်ကြောင်း၊ ယခု အားကစားပြိုင်ပွဲကြီး ခမ်းနားထည်ဝါစွာနှင့် အောင်မြင်စွာကျင်းပနိုင်ရေး စီမံဆောင်ရွက်ပေးသည့် တာဝန်ရှိသူများ၊ ပါဝင်ပူးပေါင်းဆောင်ရွက်ပေးကြသည့် အားကစား အဖွဲ့ချုပ်များ၊ အားကစားသမားများနှင့် စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်တို့မှ အနုပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ အားလုံးကိုလည်း ကျေးဇူး တင်ရှိပါကြောင်းကို ပြောကြားလိုကြောင်း။

**ပြုစုပျိုးထောင်**

မြန်မာနိုင်ငံတွင် အမျိုးသားအားကစားပွဲတော်များကို ၁၉၉၂ ခုနှစ်၊ ၁၉၉၄ ခုနှစ်၊ ၁၉၉၇ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် လေးကြိမ်ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ယခု ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၀ နှစ်နီးပါးအကြာတွင် ပြန်လည်ကျင်းပနိုင်ခြင်းလည်းဖြစ်ကြောင်း၊ အားကစားမြှင့်တင် ဆောင်ရွက်ခြင်းကို မွန်မြတ်သည့် လုပ်ငန်းစဉ်တစ်ရပ်၊ နိုင်ငံတော်အတွက်အရေးပါသည့် အမျိုးသားရေး တာဝန်တစ်ရပ်ကဲ့သို့ တန်ဖိုးထားပြီးဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံအတွက် စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်သည့် စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံကို အကျိုးပြုနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်ကြောင်း။

အားကစား ယှဉ်ပြိုင်ရာတွင်လည်း အားကစားစိတ်ဓာတ်ရှိရန် အလွန်အရေးကြီးကြောင်း၊ လူတိုင်းဘဝတွင် အခက်အခဲများ ရင်ဆိုင်ကြုံတွေ့ရသည့်အခါ အနိုင်မခံ အရှုံးမပေးသည့်စိတ်၊ မိမိကိုယ်ကို ယုံကြည်ရဲရင့်သည့် စိတ်များနှင့် ရင်ဆိုင်ကျော်လွှားနိုင်သည့် စိတ်မျိုးကို အားကစားစိတ်ဓာတ်ကရစေနိုင်ကြောင်း၊ **စာမျက်နှာ ၆ သို့ »»»**

❖ **"နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အောင်မြင်မှုရရှိစေရေး၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီ အားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်လာစေရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ဝင်စားလာပြီး အားကစားလှုပ်ရှားမှုများမှာ ပါဝင်လှုပ်ရှားကစားလာစေရေး"ဟူသည့် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်**





၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်လှစ်ခြင်းအထိမ်းအမှတ် မီးရှူးမီးပန်းများ ပစ်ဖောက်စဉ်။

»»» **စာမျက်နှာ ၅ မှ**

ထို့ကြောင့်လည်း အားကစားနှင့် ပတ်သက်၍ ခံယူချက်အမျိုးမျိုး ရှိသည့်အတွက် **"အားကစားမြှင့်တင် တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်"** ဟူသည့်အချက်သည် အမြင့်မားဆုံး ခံယူချက်ပင်ဖြစ်ကြောင်း။

**စတင်ကျင်းပ**

၁၉၅၂ ခုနှစ်က စတင်ကျင်းပခဲ့သည့် အမျိုးသားအားကစားပွဲတော်အပါအဝင် ကျင်းပပြီးစီးခဲ့သည့် အမျိုးသားအားကစားပွဲတော်များမှ အားကစားနည်းအလိုက် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်ပေါင်းများစွာ ပေါ်ထွက်ခဲ့ကြောင်း၊ မြန်မာ့အားကစားသမိုင်းကိုကြည့်ပါက ၁၉၇၀ ပြည့်နှစ်ဝန်းကျင်သည် မြန်မာ့အားကစား ရွှေရောင်လွှမ်းခဲ့သည့် ကာလများဖြစ်သည်ကို တွေ့ရကြောင်း။

၁၉၇၂ ခုနှစ် မြူးနစ်အိုလံပစ် ဘောလုံးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအနေဖြင့် အသန့်ရှင်းဆုံးအသင်းဆုကို ဆွတ်ခူးပိုင်ဆိုင်ခဲ့သည့် မှတ်တမ်းကောင်းများလည်းရှိခဲ့ကြောင်း၊ အဆိုပါရွှေခေတ်ကာလ နိုင်ငံ့ဂုဏ် ဆောင်နိုင်ခဲ့သည့် အားကစားသမားဟောင်းကြီးများစွာရှိခဲ့သည့်အနက် ဗိုလ်ကြီးတင်အောင်(ဂိုး)၊ ဦးအေးမောင်ကြီး၊ ဦးသန်းစိုး(ခ)ဆပ်သီး၊ ဦးနန္ဒကျော်စွာ၊ ဦးဘုန်းမြင့်၊ ဦးမြင့်အောင်၊ ဦးသန့်ဇင်၊ ဒေါ်ဂျူနီဖာတင်လေး၊ ဒေါ်သန်းသန်း၊ ဒေါ်မာမာမင်း၊ ဒေါ်ခင်မူမူ၊ ဒေါ်နုနုရီ၊ ဗိုလ်မှူးမြင့်စိုး၊ ဒေါ်ကျင်လွှမ်တို့ကဲ့သို့ ပုဂ္ဂိုလ်များသည် ယနေ့ထိတိုင် သက်ရှိထင်ရှား ကျန်းမာစွာဖြင့် အားကစား လုပ်ငန်းများကို တတ်စွမ်းသရွေ့ထမ်းဆောင်လျက် ရှိနေကြကြောင်း၊ ယင်းအတွက် များစွာ ဂုဏ်ယူပါကြောင်းကို ထည့်သွင်းပြောကြားလိုကြောင်း။



အလံတော်အဖွဲ့ကဦးဆောင်၍ ပြိုင်ပွဲဝင်အားကစားအသင်းများ ကွင်းအတွင်းသို့ ချီတက်နေရာယူကြစဉ်။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

ခေတ်အဆက်ဆက်က မိမိတို့၏ တိုင်းရင်းသားညီအစ်ကို နိုင်ငံ့လက်ရွေးစင် အားကစားသမားများသည် နိုင်ငံတကာပြိုင်ပွဲများတွင် ဆုတံဆိပ်များ ဆွတ်ခူးပေးခဲ့ကြောင်း၊ မိမိတို့၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတကာအလယ်တွင် အလံတိုင်ထိပ်ရောက်အောင် လွှင့်ထူစေနိုင်ခဲ့ပြီး တာဝန်ကျေပွန်ခဲ့ကြကြောင်း၊ ထို့ကြောင့် နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာ့အလံကို တိုင်ထိပ်ရောက်အောင် လွှင့်ထူနိုင်စွမ်းရှိသည့် အားကစားအောင်မြင်မှုများသည် နိုင်ငံ့ဂုဏ်သိက္ခာကို အလွန်မြင့်မားစေပြီး နိုင်ငံ၏အဆင့်အတန်းကို မြှင့်တင်ပေးခြင်းဖြစ်သည့် အတွက် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးကို နိုင်ငံသားတိုင်းက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် အလေးအနက်မှာကြားလိုကြောင်း။

လူငယ်များ၏ ပညာရေးနှင့် ကျန်းမာရေးကို အားကစားကဏ္ဍနှင့်ပေါင်းပြီး တိုးမြှင့်ဆောင်ရွက်နိုင်ရန် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထူးချွန်အားကစားသမားများ ပေါ်ထွက်ရေးအတွက် လူထုအားကစား Mass Sports အဆင့်မှ Excellent Sports အဆင့်အထိ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လျက်ရှိသောကြောင့် ကျောင်းသား လူငယ်များနှင့် မသန်စွမ်းသူများ အပါအဝင် ပြည်သူတစ်ရပ်လုံးက လိုက်ပါဆောင်ရွက်နိုင်ကြရန် လိုအပ်ကြောင်း၊ မိမိတို့ အစိုးရအဖွဲ့အနေဖြင့် အားကစားကဏ္ဍကို အလေးထားမြှင့်တင်ဆောင်ရွက်ပေးနေသည့်အတွက် ယခုအချိန်တွင် နိုင်ငံ၏ အားကစားအဆင့်အတန်းသည် ပြန်လည်ဦးမော့လာနေပြီဖြစ်ကြောင်း၊ တိုးတက်အောင်မြင်မှု အထိုက်အလျောက်ရနေပြီလည်း ဖြစ်ကြောင်း၊ အားလုံးက ထိုအပေါ်တွင် ကျေနပ်မနေဘဲ ယခုထက် ပိုပြီးအောင်မြင်အောင်၊ အတိတ်ကကဲ့သို့အောင်မြင်မှုမျိုးရရှိအောင်၊ နိုင်ငံတကာအလယ်တွင် မြင့်မြင့်မားမား ရပ်တည်နိုင်အောင် **"မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမည်"** ဟူသည့် ရည်မှန်းချက်အတိုင်း ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကို ဆုကြေးငွေအပါအဝင် ဂုဏ်ပြုချီးမြှင့်မှုများကို ထိုက်ထိုက်တန်တန် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားဟောင်းကြီးများကိုလည်း ဂုဏ်ပြုသည့်အနေဖြင့် လစဉ် ထောက်ပံ့ကြေးများနှင့် ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ယခုအားကစားပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် အားကစားသမားများ အနေဖြင့်လည်း အောင်မြင်မှုရအောင်၊ နိုင်ငံ့လက်ရွေးစင်ဖြစ်အောင်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ကြိုးစား

**စာမျက်နှာ ၇ သို့** »»»



နိုင်ငံတော်အလံအား ကွင်းအတွင်းသို့ သယ်ဆောင်စဉ်။

»»» **စာမျက်နှာ ၆ မှ**
ယှဉ်ပြိုင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အားကစားကဏ္ဍ တိုးတက်အောင်မြင်ရေး ဆောင်ရွက်ရာတွင်လည်း အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန တစ်ခုတည်းအင်အားဖြင့် ဆောင်ရွက်နိုင်ရန်မှာ အခက်အခဲများ ရှိနိုင်ကြောင်း၊ ဆက်စပ် ဝန်ကြီးဌာနများနှင့် အားကစားနည်းအလိုက် အဖွဲ့ချုပ်များကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပြည်သူ တစ်ရပ်လုံးကလည်း အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့်ခံယူပြီး စိတ်ပါဝင်စားစွာဖြင့် ဝိုင်းဝန်းကူညီ ပေါင်းစပ်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

**ထည့်သွင်းပြဋ္ဌာန်းထား**

ပညာရေးနှင့် အားကစားကဏ္ဍ၏ ဆက်စပ်မှုကို ပြောရမည်ဆိုပါက နိုင်ငံ၏ ပညာရေးစနစ်သည်ကျောင်းသားဗဟိုပြုပညာရေးစနစ်ဖြစ်သည့်အတွက် အားကစားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် အားသာချက်တစ်ရပ်ကဲ့သို့ဖြစ်နေကြောင်း၊ ထို့ကြောင့် ကျောင်းစာသင်ချိန်များတွင် အားကစားချိန်ကို ထည့်သွင်းပေးထားပြီး အားကစားနည်းတစ်ခုခုကို မသင်မနေရသင်ကြားစေရေး ထည့်သွင်းပြဋ္ဌာန်းပေးထားကြောင်း၊ အားကစားကို အမှတ်ပေးစနစ်တွင် ထည့်သွင်းပေးခြင်း၊ အားကစားထူးချွန်သည့် ကျောင်းသား ကျောင်းသူများကို အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများသို့ တက်ရောက်နိုင်ရေးစီစဉ်ပေးခြင်းနှင့် အားကစားပညာသင်ဆုများ ချီးမြှင့်စေလွှတ်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ကျောင်းသားလူငယ်တိုင်း အားကစားနည်း တစ်မျိုးမျိုးကို ပါဝင်ကစားစေရေး စီမံကိန်းချမှတ်ဆောင်ရွက်ခြင်းနှင့် အားကစားပြက္ခဒိန်ရေးဆွဲပြီး အခြေခံပညာအဆင့်မှ ကောလိပ်၊ တက္ကသိုလ်အဆင့်ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပဆောင်ရွက်ပေးနိုင်ခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ သို့မှသာ အားကစားနှင့်ပညာရေး ပေါင်းစပ်လုပ်ငန်းများတွင် အဆင်ပြေချောမွေ့လာပြီး မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာမှုနှင့်အတူ မြန်မာ့အားကစား စဉ်ဆက်မပြတ်တိုးတက်ရေး (Sustainable Sports Development) ကို



၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်လှစ်ခြင်းအထိမ်းအမှတ် မီးရှူးမီးပန်းများ ပစ်ဖောက်စဉ်။

အထောက်အပံ့ ဖြစ်စေမည်ဖြစ်ကြောင်း။

မိမိတို့ အိမ်နီးချင်းနိုင်ငံတချို့တွင် ကျောင်းသားလူငယ်အားကစားပွဲတော်များမှ ကမ္ဘာ့လူငယ်စံချိန်သာမက ကမ္ဘာ့စံချိန်တို့ကိုပါ ချိုးနိုင်ခဲ့သည့် လူငယ်လက်ရွေးစင်များ ပေါ်ထွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်လည်း လာမည့်နှစ်များတွင် ကျောင်းသားနှင့် လူငယ် အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးနှင့် ဝန်ကြီးဌာန ပေါင်းစုံ ပြိုင်ပွဲများအပြင် အဆင့်မြင့် အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးတို့ကို အားကစားပြက္ခဒိန်တွင် ထည့်သွင်းရေးဆွဲပြီး မြန်မာ့အားကစားအဆင့်အတန်း ပြန်လည် တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခုအမျိုးသား အားကစားပွဲတော်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားကစားပြိုင်ပွဲအတွက်

**စာမျက်နှာ ၈ သို့ »»»**



၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် မီးရှူးတိုင်ကို မြန်မာ့လက်ရွေးစင် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများက လက်ဆင့်ကမ်းသယ်ဆောင်ကြစဉ်။



၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် မီးရှူးတိုင်ကို မီးထွန်းညှိစဉ်။



အားကစားသမားများကိုယ်စား အားကစားသမားတစ်ဦးက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုစဉ်။



ဒိုင်လူကြီးများကိုယ်စား ဒိုင်လူကြီးတစ်ဦးက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုစဉ်။

»»» စာမျက်နှာ ၇ မှ

အားကစားနည်း ၂၃ မျိုး၊ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲအတွက် အားကစားနည်းခြောက်မျိုးနှင့် မသန်စွမ်းအားကစားပြိုင်ပွဲ လေးမျိုးတို့ကို ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း။

ပြိုင်ပွဲဝင်ကြမည့် အားကစားသမားများနှင့် အသင်းများအနေဖြင့် မိမိတို့၏ ကျွမ်းကျင်မှု၊ ခွန်အား၊ သက်လုံ၊ နည်းစနစ်၊ စိတ်ဓာတ် စသည်တို့ကို မှတ်ကျောက်တင်ခံနိုင်သည်အထိ ပြိုင်ပွဲဝင်ရန် ပြင်ဆင်လာခဲ့ကြပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အားကစားပွဲတော်ကြီး၏ ဂုဏ်ပုဒ်နှင့်အညီ အားကစားစိတ်ဓာတ်၊ အားကစားယဉ်ကျေးမှုကိုပါ မြင့်မြင့်မားမား လေးစားမြှင့်တင်ယှဉ်ပြိုင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

## ဂုဏ်သိက္ခာရှိစွာယှဉ်ပြိုင်

အားကစား ပြိုင်ပွဲများ၏ သဘောသဘာဝအတိုင်း ပြိုင်ဆိုင်မှုပြင်းထန်လာသည်နှင့် အမျှ တစ်ဖက်နှင့်တစ်ဖက် အငြင်းအခုံများရှိမည်ဖြစ်ကြောင်း၊ သို့သော်လည်း အားကစားစိတ်ဓာတ်နှင့် အားကစားယဉ်ကျေးမှုကို မြင့်မြင့်ထားပြီး ဂုဏ်သိက္ခာရှိစွာ ယှဉ်ပြိုင်ကြရန် ပြောကြားလိုကြောင်း၊ အားကစားသမားတိုင်းသည်သတ်မှတ်ထားသည့်စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ တရားမျှတစွာ ယှဉ်ပြိုင်ခြင်း၊ မလျှော့သည့် ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သတ္တိတို့ဖြင့် အနိုင်မခံ အရှုံးမပေး ယှဉ်ပြိုင်သွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် အနိုင်ရပါက ရှုံးနိမ့်သူကိုအားပေးရန်၊ မိမိရှုံးခဲ့ပါကလည်း အရှုံးကိုလက်ခံပြီး အနိုင်ရသူကို မုဒိတာပွားအားပေးရန်၊ ပြိုင်ပွဲအတွင်း ပြိုင်ဘက်ဖြစ်သူဘေးဒုက္ခ တစ်စုံတစ်ရာဖြစ်လာပါကလည်း ကူညီခြင်းဖြင့် အားကစားယဉ်ကျေးမှုကို မြှင့်တင်ကြရန် မှာကြားလိုကြောင်း။

တာဝန်ရှိသူများ အနေဖြင့်လည်း ပြိုင်ပွဲအသီးသီးမှ ထွက်ပေါ်လာသည့် အရည်အသွေးမြင့် အားကစားသမားများကို စနစ်တကျ စခန်းသွင်းလေ့ကျင့်ပေးပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် မြန်မာ့လက်ရွေးစင်အားကစားသမား ကောင်းများဖြစ်လာအောင် လေ့ကျင့်ပေးသွားရမည်ဖြစ်ကြောင်း။

အားကစား ဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကိုလည်း တိုးတက်မြင့်မားစေနိုင်ကြောင်း၊ ထို့ကြောင့် အားကစားသမား မောင်မယ်များအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်ဖြင့် အနိုင်ရရှိအောင် ပါဝင်ယှဉ်ပြိုင်ကြပြီး ယခုအားကစားပွဲတော်မှ နိုင်ငံ့လက်ရွေးစင်အားကစားသမားများအဖြစ်မှ တစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများစွာ ပေါ်ထွက်မည်ဟု ယုံကြည်မျှော်လင့်ရင်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ဖွင့်လှစ်ပေးလိုက်ကြောင်း ပြောကြားသည်။

မိန့်ခွန်းပြောကြားပြီးသည်နှင့် တစ်ပြိုင်နက် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်လှစ်ခြင်း အထိမ်းအမှတ် မီးရှူးမီးပန်းများပစ်ဖောက်ကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် မီးရှူးတိုင်ကို မြန်မာ့လက်ရွေးစင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများက လက်ဆင့်ကမ်း သယ်ဆောင်ခဲ့ကြကာ အထူးတန်း ပွဲကြည့်စင်ရှေ့ စင်မြင့်ပေါ်ရှိ မီးရှူးတိုင်တွင် မီးထွန်းညှိကြသည်။ ထိုသို့ မီးထွန်းညှိလိုက်သည်နှင့် တစ်ပြိုင်နက် ဝဏ္ဏသိဒ္ဓိအားကစား ကွင်းကြီး၏ အရှေ့တောင်ထောင့် အပေါ်ဆုံးတွင်ရှိသည့် ပင်မအထိမ်းအမှတ် မီးရှူးတိုင်သည်လည်း မီးထွန်းညှိပြီးဖြစ်သည်။

ယင်းနောက် အားကစားသမားများနှင့် ဒိုင်လူကြီးများကိုယ်စား အားကစားသမား တစ်ဦးနှင့် ဒိုင်လူကြီးတစ်ဦးတို့က အားကစားသစ္စာခံဌာန်ကိုရွတ်ဆိုကြပြီး အလံတော်အဖွဲ့နှင့် ပြိုင်ပွဲဝင်အားကစားသမားများက ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ မြန်မာ့သမိုင်းစဉ် တစ်လျှောက် အထင်အရှားရှိခဲ့သည့် ခေတ်ခြောက်ခေတ်ကို ကိုယ်စားပြုသည့် ယိမ်းအကများဖြင့် သရုပ်ဖော်တင်ဆက်မှု၊ မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ်၊ နေပြည်တော် နည်းပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးတို့မှအဖွဲ့ဝင်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်တို့မှ ကျောင်းသား ကျောင်းသူများ၏ သရုပ်ပြဖျော်ဖြေမှုများ၊ တေးသီချင်းများဖြင့် သီဆိုတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၉ သို့ »»»




သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ပျူခေတ်ကိုကိုယ်စားပြုသည့် ယိမ်းအကများဖြင့် သရုပ်ဖော်တင်ဆက်ကပြမှုကို တွေ့ရစဉ်။



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ မျက်မှောက်ခေတ်ကိုကိုယ်စားပြုသည့် ယိမ်းအကများဖြင့် သရုပ်ဖော်တင်ဆက်ကပြမှုကို တွေ့ရစဉ်။



မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်က တေးသီချင်းများဖြင့် သီဆိုတင်ဆက်ကပြမှုများကို တွေ့ရစဉ်။





ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် လာကြသူများကို တွေ့ရစဉ်။

»»» စာမျက်နှာ ၈ မှ

ထို့နောက် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများကို ပစ်ဖောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသူများအား လက်ပြ နှုတ်ဆက်ခဲ့ကြပြီး နိုင်ငံ့ ဂုဏ်ဆောင်ခဲ့ကြသည့် အားကစား သမားဟောင်းကြီးများနှင့်အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ပထမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၂ ခုနှစ်တွင် မေ ၃ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့၌ အားကစားနည်း ၂၂ နည်းဖြင့် လည်းကောင်း၊ ဒုတိယအကြိမ်ကို ၁၉၉၄ ခုနှစ်တွင် ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ ရန်ကုန်မြို့၌ အားကစားနည်း ၂၄ နည်းဖြင့် လည်းကောင်း၊ တတိယအကြိမ်ကို ၁၉၉၇ ခုနှစ်တွင် ဇန်နဝါရီ ၁၁ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့၌ အားကစားနည်း ၂၉ နည်းဖြင့် လည်းကောင်း၊ စတုတ္ထအကြိမ်ကို ၂၀၁၅ ခုနှစ်တွင် ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၈ ရက်အထိ နေပြည်တော်၌ အားကစားနည်း ၂၇ နည်းဖြင့် လည်းကောင်း ကျင်းပခဲ့ပြီးဖြစ်သည်။ ယခု ၂၀၂၄ ခုနှစ်တွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကိုနိုင်ငံတော်၏အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင် အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူလူထုတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့်နေပြည်တော်၌ ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်နည်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်းနှင့် မသန်စွမ်းအားကစားနည်း လေးနည်း စုစုပေါင်း ၃၃ နည်း တို့ဖြင့် ဒီဇင်ဘာလ အစောပိုင်းမှစတင်၍ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပလျက်ရှိပြီး မသန်စွမ်းအားကစားနည်း ပြိုင်ပွဲများကို ဒီဇင်ဘာ ၅ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့ကြောင်းနှင့် ဝန်ကြီးဌာနအဆင့် အားကစားနည်းနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်းများကို ဆက်လက် ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားဟောင်းကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်စဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား ပုံရိပ်များ



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်အလံကို လွှင့်တင်စဉ်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အမျိုးသား အားကစားပွဲတော်အလံကို လွှင့်တင်စဉ်။





၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် မီးရှူးတိုင်ကို လက်ဆင့်ကမ်းသယ်ဆောင်စဉ်။



နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် မြန်မာ့အားကစားသမားဟောင်းကြီးများက အမျိုးသားအားကစား ပွဲတော်အလံကို ကွင်းအတွင်းသို့ သယ်ဆောင်လာစဉ်။





၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အနုပညာရှင်များနှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်တို့က သရုပ်ပြဖျော်ဖြေတင်ဆက်ကြစဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အနုပညာရှင်များက သရုပ်ပြဖျော်ဖြေတင်ဆက်ကြစဉ်။



မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်က ဂုဏ်ပြုဖျော်ဖြေတင်ဆက်စဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား ပုံရိပ်များ



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ လာရောက်ကြည့်ရှုသူများကို တွေ့ရစဉ်။



အနုပညာရှင်များက မြန်မာနိုင်ငံမြေပုံကို သရုပ်ဖော်တင်ဆက်ကပြစဉ်။






ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အားကစားအသင်းများ ကွင်းအတွင်းသို့ ဝင်ရောက်ချီတက် နေရာယူကြစဉ်။



ရှေးဟောင်းမြို့ပြများ၏ ကျုံး၊ မြို့ရိုးနှင့် မြို့ဝင်ပေါက်ပုံစံများကို အနုပညာရှင်များက သရုပ်ဖော်တင်ဆက်ကပြစဉ်။







လေထီးခုန်စစ်သည်များက တိုင်းဒေသကြီး၊ ပြည်နယ်အလံများကို ဝေဟင်ထက်မှ မြေပြင်သို့ ချိတ်ဆွဲသယ်ဆောင်လာစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား ပုံရိပ်များ



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက ခေတ်ခြောက်ခေတ်အကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ လာရောက်ကြည့်ရှုသူများကို တွေ့ရစဉ်။



တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပြိုင်ပွဲဝင်အားကစားအသင်းများ ကွင်းအတွင်းသို့ ဝင်ရောက်ချီတက်နေရာယူကြစဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ လာရောက်ကြည့်ရှုသူများကိုတွေ့ရစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား ပုံရိပ်များ



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ပုဂံခေတ်ကို ကိုယ်စားပြုသည့် ယိမ်းအကများဖြင့် သရုပ်ဖော်တင်ဆက်ကပြစဉ်။



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ အင်းဝခေတ်ကို ကိုယ်စားပြုသည့် ယိမ်းအကများဖြင့် သရုပ်ဖော်တင်ဆက်ကပြစဉ်။



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ရတနာပုံခေတ်ကို ကိုယ်စားပြုသည့် ယိမ်းအကများဖြင့် သရုပ်ဖော်တင်ဆက်ကပြစဉ်။



သဘင်ဆပ်ကပ်ပညာရှင်များ၏ သရုပ်ဖော်တင်ဆက်မှုကို တွေ့ရစဉ်။



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ကုန်းဘောင်ခေတ်ကို ကိုယ်စားပြုသည့် ယိမ်းအကများဖြင့် သရုပ်ဖော်တင်ဆက်ကပြစဉ်။





# ရုရှားဖက်ဒရေးရှင်းနိုင်ငံ Kalmykia ပြည်နယ်အကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဒီဇင်ဘာ ၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Kalmykia ပြည်နယ်အကြီးအကဲ Mr. Batu Sergeyevich Khassikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။



ထိုသို့ ဖူးမြော်ကြည်ညိုစဉ် ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ သမိုင်းအချက်အလက်နှင့် ဘုရားဖူးလမ်းညွှန်၊ သာသနိကအဆောက်အအုံများ၊ ဗုဒ္ဓပြတိုက်နှင့် ဓာတ်ပုံပြခန်းတို့ကို ကြည့်ရှုလေ့လာကြပြီး စေတီတော်ဒွေ့ခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဆက်ကပ်ပူဇော်ကြသည်။

ယင်းနောက် အမျိုးသားပြတိုက်၌ သီဟာသနပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ မင်းခမ်းတော်ပစ္စည်းပြခန်းများအပါအဝင် မြန်မာ့သမိုင်းဆိုင်ရာပြခန်းများကို စိတ်ဝင်တစားလေ့လာကြပြီး မြို့တော်ခန်းမ၊ ဝန်ကြီးများရုံး၊ ကန်တော်ကြီးနှင့် ကရဝိက်စသည့် ရန်ကုန်မြို့၏ အထင်ကရနေရာများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြကာ မြန်မာ့ကျောက်မျက်ပြတိုက် အရောင်းဆိုင်များကို သွားရောက်ကြည့်ရှုလေ့လာကြသည်။



မွန်းလွဲပိုင်းတွင် Kalmykia ပြည်နယ်အကြီးအကဲနှင့် အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Iskander Azizov၊ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် သံဃမဟာနာယက ဘုရားခန်း၌ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထိုသို့ လာရောက်ဖူးမြော်ကြည်ညိုစဉ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ရုရှားနိုင်ငံသည် ရှေးယခင်ကတည်းက ယဉ်ကျေးမှု၊ စာပေ၊ အနုပညာထွန်းကားခဲ့ပြီး ယခုလည်း ထွန်းကားဆဲဖြစ်သည်ကို သိမြင်ရပါကြောင်း၊ ဘက်ပေါင်းစုံ အစဉ်အလာကြီးမားပြီး မြန်မာနိုင်ငံနှင့် ယဉ်ကျေးမှုနှင့် လူမှုရေးရာအဖြာဖြာတွင် ကူးလူးဆက်ဆံနေသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ရှေးယခင်ကတည်းကပင် သံတမန်ဆက်ဆံရေးရှိခဲ့ပြီး ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ပိုမိုကောင်းမွန်သည့် သံတမန်ဆက်ဆံရေးများကြောင့် အားတက်ဝမ်းမြောက်ရပါကြောင်း၊ ရုရှားနိုင်ငံ၌ ထေရဝါဒဗုဒ္ဓဘာသာ၏ အထွတ်အမြတ်ထားရာ ရုပ်ပွားစေတီတော်များအား တည်ထားကိုးကွယ်ခွင့်ပြုသည့်အတွက် နှစ်နိုင်ငံဆက်ဆံရေးကို အားရဝမ်းမြောက်မိပါကြောင်း နှုတ်ခွန်းဆက် ပဋိသန္ထာရကထာမိန့်ကြားတော်မူသည်။

ထို့နောက် Kalmykia ပြည်နယ်အကြီးအကဲက မိမိတို့ပြည်နယ်သည် ဗုဒ္ဓဘာသာပြန့်ပွားရေးဆောင်ရွက်သည့် ပြည်နယ်တစ်ခုဖြစ်ပြီး ဗုဒ္ဓဘာသာထွန်းကားပါကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအား ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် ဗုဒ္ဓဘာသာဖိုရမ်သို့ ပင့်ဖိတ်လိုပါကြောင်း၊ မိမိတို့ပြည်နယ်တွင် မြန်မာနိုင်ငံကဲ့သို့ ဗုဒ္ဓဘာသာပြန့်ပွားရေးကို ဆောင်ရွက်နိုင်ရန် ယုံကြည်ပါကြောင်း၊ ဗုဒ္ဓဘာသာထွန်းကားရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း ဆွေးနွေးလျှောက်ထားသည်။

ဆက်လက်၍ Kalmykia ပြည်နယ်အကြီးအကဲနှင့် အဖွဲ့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်ကြီးများအား ဓမ္မပဏ္ဏာနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှုခင်းပုံ ကျောက်စီပန်းချီကားကို ဓမ္မပဏ္ဏာအဖြစ် ပေးအပ်သည်။

ညပိုင်းတွင် Kalmykia ပြည်နယ်အကြီးအကဲနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၅၁၉ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်တစ်ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၉-၁၂-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၁-၁၂-၂၀၂၄ ရက်နေ့၊ ည ၈:၀၀ နာရီမှ ၈-၁၂-၂၀၂၄ ရက်နေ့၊ ည ၈:၀၀ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄,၅၁၉ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်တစ်ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၀.၀၂ ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

## အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၉**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အရာထမ်း အခြေခံသင်တန်း အမှတ်စဉ်(၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတက္ကသိုလ်ရတနာသိင်္ဃခန်းမ၌ ကျင်းပသည်။



**အမှာစကားပြောကြား**

အခမ်းအနားသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး ပါမောက္ခချုပ် ဦးကျော်ထွေးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၂)သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၈၉ ဦး၊ သင်တန်းသူ ၁၀၄ ဦး စုစုပေါင်း ၁၉၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



## ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် အာဆီယံ-တရုတ်စင်တာအတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ မွန်းလွဲပိုင်းတွင် အာဆီယံ-တရုတ်စင်တာ၏ အတွင်းရေးမှူးချုပ် Mr. Shi Zhongiun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် အာဆီယံ-တရုတ် စားရေရိက္ခာနှင့် လယ်ယာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းစေရေး၊ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့နိုင်ရေး၊ လယ်ယာသုံးစက်ကိရိယာ အသေးစားထုတ်လုပ်သည့်စက်ရုံများ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာဖလှယ်ရေး၊ ဒစ်ဂျစ်တယ်စိုက်ပျိုးရေးနည်းပညာအသုံးပြုရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် နည်းပညာနှင့် ရန်ပုံငွေအထောက်အပံ့ပေးနိုင်ရေး၊ စပ်မျိုးသီးနှံ သုတေသနဗဟိုဌာန တည်ထောင်ရေး၊ စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေးထိန်းချုပ်မှုဗဟိုဌာန တည်ထောင်ရေး၊ မြန်မာနိုင်ငံတွင် ပိုးမွှားကင်းစင်ကြောင်း အသိအမှတ်ပြုလက်မှတ် (e-phyto)ထုတ်ပေးခြင်းနှင့် ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ခြင်း စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၏ ဌာနေကိုယ်စားလှယ်အသစ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)မှ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera နှင့် ICRC ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အသစ်အဖြစ် ခန့်အပ်ခြင်းခံရသည့် Mr. Arnaud de Baecque တို့ကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနနှင့် ICRC အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုကိစ္စရပ်များ၊ ခြေတုလက်တုထုတ်လုပ်တပ်ဆင်ရေး အလုပ်ရုံများနှင့် ပြန်လည်သန်စွမ်းရေးဌာနများကို အဆင့်မြှင့်တင်ရန် နည်းပညာပိုင်းဆိုင်ရာနှင့် လူ့စွမ်းအားအရင်းအမြစ် သင်ကြားပို့ချရေးဆိုင်ရာကိစ္စရပ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများနှင့် လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးပြီး တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည့် Ms. Elena Ajnone Sessera ကို ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင် ပေးအပ်သည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ICRC မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## အကြိမ်(၆၀) မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ်ဥက္ကဋ္ဌများ ကွန်ဖရင့်၊ အဆင့်မြင့်အရာထမ်းများ ဆွေးနွေးပွဲနှင့် (၄၄) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ဥက္ကဋ္ဌများ အစည်းအဝေးကျင်းပ




နေပြည်တော် ဒီဇင်ဘာ ၉

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် ဒီဇင်ဘာ ၆ ရက်မှ ၇ ရက်အထိ ကျင်းပသည့် အကြိမ် (၆၀) မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ်ဥက္ကဋ္ဌများကွန်ဖရင့်၊ အဆင့်မြင့်အရာထမ်းများ ဆွေးနွေးပွဲနှင့် (၄၄) ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ဥက္ကဋ္ဌများ အစည်းအဝေးသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲသို့ အရှေ့တောင်အာရှဗဟိုဘဏ်များ အဖွဲ့ဝင်နိုင်ငံများမှ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် Bank for International Settlement (BIS)၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးနှင့် ငွေကြေးဈေးကွက်များ၏ အခြေအနေနှင့် အလားအလာများ၊ ပထဝီနိုင်ငံရေးဆိုင်ရာ တင်းမာမှုများကြောင့် အာရှစီးပွားရေးအပေါ် အကျိုးသက်ရောက်မှု ခေါင်းစဉ်များကို ဒီဇင်ဘာ ၆ ရက်တွင် ဆွေးနွေးခဲ့ကြသည်။

ဒီဇင်ဘာ ၇ ရက်တွင် SEACEN Centre မှ ၂၀၂၅ ခုနှစ်တွင် ပြုလုပ်မည့် သင်တန်းများနှင့်ပတ်သက်၍ Hybrid ပုံစံဖြင့် In-person နှင့် Online တစ်ပြိုင်တည်းပြုလုပ်နိုင်ရေး၊ Research Project ကိစ္စရပ်များ၊ EXCO မှအတည်ပြုထားသော ၂၀၂၅ ခုနှစ်တွင် အသုံးပြုရမည့် ဘတ်ဂျက် လျာထားအသုံးစရိတ်များနှင့် SEACEN ၏ တံခါးပိတ် အစည်းအဝေးတွင် SEACEN ၏ Senior Management များနှင့် ပတ်သက်၍ စည်းမျဉ်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးကိုကိုကျော် ပေကျင်းမြို့အခြေစိုက် အာဆီယံ-တရုတ်စင်တာ အတွင်းရေးမှူးချုပ်အား လက်ခံတွေ့ဆုံဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် မြန်မာနိုင်ငံ၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့အခြေစိုက် အာဆီယံ-တရုတ်စင်တာ၏ အတွင်းရေးမှူးချုပ် Mr. Shi Zhongjun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးကို အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဖော်ဆောင်ရာတွင် အာဆီယံ-တရုတ်စင်တာအနေဖြင့် ဦးစားပေး နယ်ပယ်များဖြစ်သော ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေး၊ သတင်းအချက်အလက်နှင့် မီဒီယာကဏ္ဍများအောက်မှ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များအပေါ် ဆွေးနွေးပြောကြားပြီး အာဆီယံ-တရုတ်စင်တာမှ ၂၀၂၄ ခုနှစ်အတွင်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့် စီမံကိန်းများအပေါ် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် စိုက်ပျိုးရေးထုတ်ကုန်မြှင့်တင်မှုဆိုင်ရာ သင်တန်းများ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ နည်းပညာမြှင့်တင်ရေးတို့တွင် အာဆီယံ-တရုတ်စင်တာနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံ-တရုတ်စင်တာ၏လုပ်ငန်းအစီအစဉ်များနှင့် ပူးတွဲဦးဆောင်ဦးရွက်ပြုမှုများတွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်



များကို ဆွေးနွေးကြပြီး အာဆီယံ-တရုတ်စင်တာ၏ ပြည်သူများအကြားဖလှယ်ရေး အစီအစဉ်များမှတစ်ဆင့် အာဆီယံနှင့် တရုတ်နိုင်ငံပြည်သူလူထုတို့အကြား အပြန်အလှန်နားလည်မှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၂/ ၂၀၂၄)

၁။ လူသားအားလုံးအတွက် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ထည့်သွင်းဖော်ပြထားသော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ကုလသမဂ္ဂက ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ထိုနေ့ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်မှာ ယနေ့တွင် (၇၆)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြုထုတ်ပြန်ခဲ့သည့်အချိန်မှစ၍ ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံသားများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မြှင့်တင်ကာကွယ်ရန် ကြိုးပမ်းခဲ့ကြပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြုချမှတ်ချိန်တွင် ပါဝင်ထောက်ခံခဲ့ရုံသာမက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်တွင်းဥပဒေများတွင်လည်း ကြေညာစာတမ်းပါ လူ့အခွင့်အရေးစံများကို လိုက်လျောညီထွေစွာ ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ ထို့ပြင် အဓိက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်ကြီးများအနက် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်နှင့် နောက်ဆက်တွဲစာချုပ်(၂)ခု၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ချုပ်ဆိုထားပါသည်။

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် တစ်နှစ်တာအတွင်း လူ့အခွင့်အရေး အသိပညာပေးဆွေးနွေးဟောပြောပွဲများနှင့် သင်ခန်းစာပို့ချမှုများ စုစုပေါင်း (၆၃) ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး သင်တန်းသားပေါင်း (၈၃၉၁) ဦးကို အသိပညာမျှဝေပေးနိုင်ခဲ့ပါသည်။ လူ့အခွင့်အရေး ဖောက်ဖျက်ခံရသည်ဆိုသော တိုင်တန်းချက် (၂၁၄) စောင်ကို စိစစ်ဆောင်ရွက်ခြင်း၊ အကျဉ်းထောင်/ အချုပ်ထောင် (၁၀) ခု၊ အကျဉ်းစခန်း (၁၂) ခု၊ ရဲစခန်းအချုပ်ခန်း (၁၈) ခု၊ တရားရုံးအချုပ်ခန်း (၁၅) ခု၊ ဘိုးဘွားရိပ်သာ (၁၀) ခု၊ အမျိုးသမီး သက်မွေးသင်တန်းကျောင်း (၃) ကျောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (၁) ကျောင်းနှင့် လူငယ်သင်တန်းကျောင်း (၅) ကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်ကာ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အကြံပြုချက်ပေါင်း (၂၉၃) ချက်ကို သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများသို့ ပေးပို့ခဲ့ပါသည်။ တည်ဆဲဥပဒေ၊ အဆိုပြုထားသော ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေအကြံပြုစာ (၆) စောင် ပေးပို့ခြင်း၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Elimination of all forms of Discrimination against Women – CEDAW) နှင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of Persons with Disabilities – CRPD) တို့ကို ဘာသာပြန်ဆို ပုံနှိပ်ခြင်းနှင့် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အစည်းအဝေးများသို့ (၂၈) ကြိမ် ပါဝင်တက်ရောက်ခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ပြင် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အများပြည်သူသို့ သတင်းထုတ်ပြန်ချက် (၁၂) စောင်နှင့် ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှု သတင်းဖော်ပြချက် (၁၀၃) ခုကို ထုတ်ပြန်ခဲ့ပါသည်။

၄။ ၂၀၂၄ ခုနှစ်တွင် ကျရောက်သော (၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အတွက် ကုလသမဂ္ဂက ချမှတ်သည့် ဆောင်ပုဒ်မှာ **“ဒို့အခွင့်အရေး၊ ဒို့အနာဂတ်၊ ယခုကစလို့ ဆောင်ကြဉ်းအပ်” “Our Rights, Our Future, Right Now.”** ဖြစ်ပါသည်။

၅။ တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောသော နိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်သူတစ်ရပ်လုံးက လူ့အခွင့်အရေးကို လေးစားလိုက်နာကျင့်သုံးခြင်းဖြင့် ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖန်တီးတည်ဆောက်ကြရန် ယနေ့ကျရောက်သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ကို ဂုဏ်ပြုလျက် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်

## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲ တက်ရောက်

**ပုသိမ် ဒီဇင်ဘာ ၉**

ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်းဖွင့်လှစ်သည့် Grade-11နှင့် Grade-12 ဆရာများအတွက် ဥပဒေ အသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းအမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြောင်းမြမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကားပြောကြားပြီး သင်တန်းသားဆရာ ဆရာမများအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆရာ ဆရာမများအတွက် စားသုံးဆီများထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်များတွင် ဥပဒေရေးရာ ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်းဖွင့်လှစ်သော Grade-11 နှင့် Grade-12 ဆရာများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၂)ကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်ခရိုင်မှ ဆရာ ဆရာမ သင်တန်းသားများနှင့် ကျုံပျော်ခရိုင်မှ ဆရာ ဆရာမ သင်တန်းသားများကို ကျုံပျော်ခရိုင်တွင်လည်းကောင်း၊ မြန်အောင်ခရိုင်နှင့် ဟင်္သာတခရိုင်မှ ဆရာ ဆရာမ သင်တန်းသားများကို ဟင်္သာတခရိုင်တွင်လည်းကောင်း၊ မအူပင်ခရိုင်နှင့် ဖျာပုံခရိုင် ဆရာဆရာမသင်တန်းသားများကို မအူပင်ခရိုင်တွင်လည်းကောင်း၊ လပွတ္တာခရိုင်နှင့် မြောင်းမြခရိုင် ဆရာဆရာမ သင်တန်းသားများကို မြောင်းမြခရိုင်တွင်လည်းကောင်း တစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့ပြီး ဒီဇင်ဘာ ၉ ရက်မှ ၁၈ ရက်အထိ ၁၀ ရက်ကြာ ဆရာ ဆရာမ စုစု ပေါင်း ၇၃၀ အား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)




## မြန်မာစာရေးဆရာများ ကမ္ဘောဒီးယားနိုင်ငံ၌ အစည်းအဝေးများတက်ရောက်



**ဖနွမ်းပင် ဒီဇင်ဘာ ၉**

ကမ္ဘောဒီးယားနိုင်ငံ စာရေးဆရာအသင်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် အဖွဲ့သည် ဒီဇင်ဘာ ၆ ရက် ညပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ရောက်ရှိကြပြီး ဒီဇင်ဘာ ၇ ရက်တွင် Ministry of Culture and Fine Arts ခေတ္တဝန်ကြီး H.E. Hab Touch တက်ရောက်သော ကမ္ဘောဒီးယားနိုင်ငံ ပထမအကြိမ် အမျိုးသားစာဆိုတော်နေ့ (The 1st National Writer’s Day 2024) အခမ်းအနားသို့လည်းကောင်း၊ ဒီဇင်ဘာ ၈ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Hun Mani တက်ရောက်သော မဲခေါင်ခြောက်နိုင်ငံ စာပေယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေး အစည်းအဝေးသို့လည်းကောင်း၊ ယနေ့နံနက်ပိုင်းတွင် ဖနွမ်းပင်မြို့ရှိ Win-Win Memorial အထိမ်းအမှတ်ပြခန်း အစည်းအဝေးခန်းမ၌ ကမ္ဘောဒီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး General Nem Sovath ဦးဆောင်ပြုလုပ်သော အစည်းအဝေးသို့လည်းကောင်း တက်ရောက်သည်။

**ဆွေးနွေးပြောကြား**

အဆိုပါ အစည်းအဝေးများတွင် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌက စာပေယဉ်ကျေးမှုဖလှယ်ရေး၊ မဲခေါင်ခြောက်နိုင်ငံ ပြည်သူများ အပြန်အလှန် ချစ်ကြည်စွာဆက်ဆံနိုင်ရေးအတွက် စာပေစွမ်းအားဖြင့် အားထုတ်ကြိုးပမ်းကြရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

မြန်မာစာရေးဆရာအဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ၏ National Museum၊ Kamar Writer Association office နှင့် Royal Palaceတို့သို့သွားရောက်လေ့လာခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ဆီယမ်ရိမြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။

သတင်းစဉ်

## ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**ကျုံပျော် ဒီဇင်ဘာ ၉**


ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဦးသန်းဦးက သင်တန်းရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ငွေ ကျပ် ၁၀ သိန်းနှင့် ကျုံပျော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ထောက်ပံ့ငွေကျပ် ၁၀ သိန်းတို့ကို ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပေးအပ်ရာ သင်တန်းသားသင်တန်းသူ ဆရာ ဆရာမများက လက်ခံရယူခဲ့သည်။ အဆိုပါသင်တန်းကို ဒီဇင်ဘာ ၉ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)









## အုတ်ဖိုမြို့နယ် ဝါးဖြူချောင်းကျေးရွာနှင့် ချောင်းစောက်ကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝါးဖြူချောင်းကျေးရွာနှင့် ချောင်းစောက်ကျေးရွာတို့ကို ဒီဇင်ဘာ ၈ ရက်က မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ အုတ်ဖိုမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းရက်နေ့က ဝါးဖြူချောင်းကျေးရွာနှင့် ချောင်းစောက်ကျေးရွာတို့တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်ခြင်း မရှိကြောင်း၊ အဆိုပါ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည့် သတင်းမှာလည်း သတင်းအမှားသာဖြစ်ကြောင်း သိရသည်။ တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းမှားများဖြင့် မဟုတ်မမှန်လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြဝတီခရိုင်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဆောင်ရွက်

**မြဝတီ ဒီဇင်ဘာ ၉**

ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ရွှေဖားစည်(မိုတယ်)၌ ပြုလုပ်ရာ ရွှေမြဇော် စင်းလုံးငှားသုံးဘီးယာဉ် အသင်းသား ၆၅ ဦး တက်ရောက်ကြသည်။

ဟောပြောပွဲတွင် အမှတ်(၇၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မြဝတီ)မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး အောင်လင်းဌေးက မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်မောင်းနှင်စဉ် သိရှိလိုက်နာရမည့်အချက်များ၊ နေ့စဉ်ခရီးသွားလုပ်သားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ဂရုပြုရမည့် လမ်းညွှန်၊ လမ်းအမှတ်အသားဆိုင်ရာ အချက်များ၊ ယာဉ်မောင်းနေစဉ် လက်ကိုင်ဖုန်းအသုံးပြုခြင်း၊ အရက်သေစာသောက်စားမောင်းနှင်ခြင်း မပြုကြရေး၊ သတ်မှတ်ထားသည့် အမြန်နှုန်း ကန့်သတ်ချက်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများနှင့်အညီ ဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များကို သိရှိစေရန် ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောပေးပြီး တက်ရောက်ကြသည့်အသင်းသားများ၏ သိရှိလိုသည့်အချက်များကို ပြန်လည်ဖြည့်စွက်ဖြေကြားပေးကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။



အလားတူ မြဝတီမြို့နယ်အတွင်း ကျန်ရှိသည့် ရပ်ကွက်များတွင် အသိပညာပေးဟောပြောပွဲများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**

## လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်

**ကျွန်းစု ဒီဇင်ဘာ ၉**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြုပညာ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကမ်းကြီးကျေးရွာအုပ်စု မရွှေဦးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်တင်စိုးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းတို့က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို ဒီဇင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၁၂-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၆၅ | ၃၁၄၅ | ၃၁၂၀ | ၃၀၇၅ | ၃၁၄၅ | ၃၁၆၀ | ၃၁၇၀ | ၃၁၂၅ | ၄၅၀၅ | ၃၂၈၀ | ၃၁၃၅ | ၃၁၅၀ | ၃၁၈၀ | ၃၁၇၀ | ၃၁၈၅ | ၃၅၈၅ | ၃၉၅၀ |
| 95 Ron | ၃၁၈၀ | ၃၂၆၀ | ၃၂၃၅ | ၃၁၈၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၈၅ | ၃၂၄၀ | ၄၅၆၀ | ၃၃၉၅ | ၃၂၅၀ | ၃၂၆၅ | ၃၂၉၅ | ၃၂၈၅ | ၃၂၉၅ | ၃၇၀၀ | ၄၁၀၀ |
| HSD (500 ppm) | ၂၆၃၀ | ၂၇၁၀ | ၂၆၈၅ | ၂၆၄၀ | ၂၇၁၀ | ၂၇၂၅ | ၂၇၃၅ | ၂၆၉၀ | - | ၂၈၅၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၅၀ | ၂၇၃၅ | ၂၇၅၀ | ၃၁၅၀ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၇၅ | ၃၃၅၅ | ၃၃၃၀ | ၃၂၈၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၈၀ | ၃၃၃၅ | ၄၈၃၀ | ၃၄၉၀ | ၃၃၄၅ | ၃၃၆၀ | ၃၃၉၀ | ၃၃၈၀ | ၃၃၉၀ | ၃၇၉၅ | - |
| HSD (10 ppm) | ၃၂၇၅ | ၃၃၅၅ | ၃၃၃၀ | ၃၂၈၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၈၀ | ၃၃၃၅ | - | ၃၄၉၀ | ၃၃၄၅ | ၃၃၆၀ | ၃၃၉၀ | ၃၃၈၀ | ၃၃၉၀ | ၃၇၉၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၆ | ၂၉၉၇ |
| 95 Ron | ၃၀၁၆ | ၃၁၁၀ |
| HSD (500 ppm) | ၂၄၈၅ | ၂၅၆၄ |
| HSD (50 ppm) | ၃၁၀၈ | ၃၂၀၀ |
| HSD (10 ppm) | ၃၁၀၈ | ၃၂၀၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**★ ASEAN မှ**

မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်အားပြုခဲ့ပြီး မိနစ် ၃၀ အထိ တစ်ဖက်သတ် ဖိအားပေးနိုင်ခဲ့သည်။ လွင်မိုးအောင်၊ အောင်ကောင်းမာန်၊ သီဟဇော်၊ နန္ဒကျော်တို့၏ ကန်သွင်းချက်များ ဂိုးမဖြစ်ခဲ့သလို ဇော်ဝင်းသိန်း၏ကန်ချက်မှာလည်း ဘားထိထွက်ခဲ့သည်။ မိနစ် ၃၀ နောက်ပိုင်းတွင် အင်ဒိုနီးရှားအသင်းက ပြန်ဖိကစားလာနိုင်ပြီး ဂိုးပေါက် ခြိမ်းခြောက်မှုအချို့ ပြုလုပ်နိုင်ခဲ့သည်။


ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသဖြင့် ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ ပြောင်းလဲကာ ကစားအားမြှင့်တင်ခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းလောက် အခွင့်အရေးမရဘဲ ၇၆ မိနစ်တွင် ဂိုးပေးလိုက်ရသည်။ အသင်းခေါင်းဆောင် အာဆာနာဝီ၏ ကန်သွင်းချက်ကို မြန်မာဂိုးသမား ဇင်ညီညီအောင် ကာကွယ်သော်လည်း ဂိုးဝင်သွားသည်။

လာအိုနိုင်ငံ၌ ကျင်းပသည့်ပွဲတွင် ဗီယက်နမ်အသင်းက လာအိုအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စု ဒုတိယပွဲအဖြစ် ဒီဇင်ဘာ ၁၂ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။


**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - သော်ကြီး**

# ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပုံ(၁) မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




ပုံ(၂) ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း စခန်း ၃၂ စခန်းမှ မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့်စခန်း ၃၂ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင် ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ ပုံ(၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့်စခန်း ၃၂ စခန်းတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး(ချမ်းအေးသာစံ) | ၇.၀ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၇.၁ |
| ၃ | ပူတာအို | ၇.၂ |
| ၄ | ခန္တီး | ၆.၉ |
| ၅ | တောင်ကြီး | ၇.၂ |
| ၆ | မိုင်းဆတ် | ၇.၀ |
| ၇ | ကျိုင်းတုံ | ၇.၀ |
| ၈ | စစ်ကိုင်း | ၆.၈ |
| ၉ | ညောင်ဦး | ၆.၉ |
| ၁၀ | မုံရွာ | ၆.၉ |
| ၁၁ | ပျဉ်းမနား | ၆.၈ |
| ၁၂ | ပြင်ဦးလွင် | ၆.၉ |
| ၁၃ | ကလေးဝ | ၇.၁ |
| ၁၄ | ရန်ကုန် (ကမ္ဘာအေး) | ၇.၀ |
| ၁၅ | မော်ဘီ | ၆.၈ |
| ၁၆ | မကွေး | ၇.၀ |
| ၁၇ | အောင်လံ | ၆.၉ |
| ၁၈ | စစ်တွေ | ၆.၈ |
| ၁၉ | ကျောက်ဖြူ | ၆.၅ |
| ၂၀ | ပြည် | ၆.၈ |
| ၂၁ | ပဲခူး | ၇.၁ |
| ၂၂ | တောင်ငူ | ၆.၇ |
| ၂၃ | ပုသိမ် | ၆.၅ |
| ၂၄ | မအူပင် | ၆.၆ |
| ၂၅ | ဟသ်ာတ | ၆.၇ |
| ၂၆ | မော်လမြိုင် | ၆.၅ |
| ၂၇ | ဘီးလင်း | ၆.၇ |
| ၂၈ | ဘားအံ | ၆.၉ |
| ၂၉ | ကော့ကရိတ် | ၆.၅ |
| ၃၀ | ထားဝယ် | ၆.၅ |
| ၃၁ | မြိတ် | ၆.၆ |
| ၃၂ | ကော့သောင်း | ၆.၅ |

## ညောင်လေးပင်မြို့ မြို့မဈေးကြီးရှေ့၌ မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်

**ညောင်လေးပင် ဒီဇင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သည့် မီးငြိမ်းသတ်နည်းသရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့မဈေးကြီးရှေ့၌ ဆောင်ရွက်ခဲ့သည်။

ဦးစွာ ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများသည် ဈေးအတွင်းရှိ လျှပ်စစ်ဝိုင်ယာကြိုးသွယ်တန်းထားရှိမှု၊ ရေကန်နှင့် မီးသတ်ရေပိုက်များထားရှိမှုတို့ကို ကြည့်ရှုခဲ့သည်။

ဆက်လက်၍ ညောင်လေးပင်မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိဦးကိုကိုဌေးက မီးသတ်ဆေးဘူးအသုံးပြုပုံကို ရှင်းလင်းပြောကြားပြီး မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်း၊ ဆီမီးလောင်မှုကို ဖုံးအုပ်ငြိမ်းသတ်နည်း၊ ဂက်စ်မီးလောင်မှုကို ငြိမ်းသတ်နည်းနှင့် ဈေးရုံကြီး မီးဘေးလုံခြုံရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို ဈေးသူဈေးသားများ၊ မီးသတ်ဝန်ထမ်းများနှင့် ပူးပေါင်းကာ လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

**ခင်မောင်လွင်(ညောင်လေးပင်)**





## ဟသ်ာတမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း ဖွင့်လှစ်

**ဟသ်ာတ ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့တွင် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသော ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းအမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဟသ်ာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟသ်ာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးတိုးဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဥပဒေရေးရာအသိပညာပြန့်ပွားရေး Video Clip ကို ပြသသည်။ ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက ခရိုင်ပညာရေးမှူးဦးတိုးဝင်းထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ သင်တန်းကို ၁၀ ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အခုလိုပြိုင်ပွဲတွေဆက်ပြီး ကျင်းပစေချင်ပါတယ်။ ပြိုင်ပွဲမရှိရင် ဘယ်လောက်လေ့ကျင့်ပါစေ လေ့ကျင့်တဲ့အတိုင်းအတာက မှတ်ကျောက်တင်လို့မရပါဘူး။ ကျွန်တော်တို့ရဲ့ လေ့ကျင့်မှုကိုပြိုင်ပွဲနဲ့ပဲ အဆုံးအဖြတ်ပေးရတာဖြစ်တဲ့အတွက် ပြိုင်ပွဲတွေကျင်းပဖို့လိုပါတယ်

ဦးဇန်လွန်ခုတ်

တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ
အလင်းသစ်၊ လင်းရာမ

၂၀၁၅ ခုနှစ်တွင် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကို ကျင်းပခဲ့ပြီး ယခု ၂၀၂၄ ခုနှစ်တွင် ပြန်လည်ကျင်းပခဲ့သည့် ပဥ္စမအကြိမ် အမျိုးသား အားကစားပွဲတော်သည် ယခင်ကျင်းပခဲ့သည့် အမျိုးသားအားကစားပွဲတော်များထက်ပင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး အဆိုပါပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အားကစားကဏ္ဍအသီးသီးတွင် တစ်ထောင့်တစ်နေရာမှပါဝင်နေကြသူများ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ပါသည် -

**ဦးဇန်လွန်ခုတ်**
**မြန်မာ့သိုင်းနည်းပြ**
**ရှမ်းပြည်နယ်ကိုယ်စားပြု**

အမျိုးသားအားကစားပွဲတော် မြန်မာ့သိုင်းပြိုင်ပွဲမှာ ရှမ်းပြည်နယ် ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မယ့် ကစားသမားတွေကို မြို့နယ်ပေါင်းစုံ အားကစားပြိုင်ပွဲတွေကနေ လက်ရွေးစင်တွေ ရွေးထုတ်ပြီး လာရောက် ယှဉ်ပြိုင်တာပါ။ အောက်တိုဘာလထဲမှာ လူရွေးပွဲကျင်းပပြီး စုစုစည်းစည်းနဲ့ လေ့ကျင့်ချိန်ကတော့ ရက်သတ္တ ခြောက်ပတ်လောက် ရပါတယ်။ အဲဒီလို နှစ်လနီးပါး လေ့ကျင့်ပြီး ဒီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ မြန်မာ့သိုင်းနဲ့ ပတ်သက်ပြီး ပြည်နယ်မှာဆို ကျောင်းပေါင်းစုံ သိုင်းသင်တန်းတွေဖွင့်ပါတယ်။ အဲဒီသင်တန်းတွေကနေတစ်ဆင့် ပြိုင်ပွဲဝင်အဆင့်ရောက်အောင် လေ့ကျင့်ပေးပြီးတော့ ပြည်နယ်လက်ရွေးစင် ရွေးချယ်ပါတယ်။ အခုလိုပြိုင်ပွဲတွေ ဆက်ပြီးကျင်းပစေချင်ပါတယ်။ ပြိုင်ပွဲမရှိရင်ဘယ်လောက် လေ့ကျင့်ပါစေ လေ့ကျင့်တဲ့ အတိုင်းအတာက မှတ်ကျောက်တင်လို့မရပါဘူး။ ကျွန်တော်တို့ရဲ့ လေ့ကျင့်မှုကိုပြိုင်ပွဲနဲ့ပဲ အဆုံးအဖြတ်ပေးရတာ ဖြစ်တဲ့အတွက် ပြိုင်ပွဲတွေကျင်းပ ဖို့လိုပါတယ်။ အခုလို နိုင်ငံတော်အဆင့် အခမ်းအနားကြီးမှာ ကြံ့တောင့်ကြံ့ခံအနေနဲ့ တစ်ထောင့်တစ်နေရာကနေပါဝင်ခွင့်ရတဲ့အတွက် အထူးပဲ ဝမ်းသာပါတယ်။


ဦးဇန်လွန်ခုတ်


ဦးစိုးမိုးနိုင်


ကိုကျော်စွာထွန်း


ကိုဝင်းထွန်းဦး

**ဦးစိုးမိုးနိုင်**
**ညွှန်ကြားရေးမှူး**
**အားကစားနှင့်**
**ကာယပညာဦးစီးဌာန**
**တနင်္သာရီတိုင်းဒေသကြီး**

ဒီပြိုင်ပွဲကြီးကတော့ အားကစားရဲ့အကြီးကျယ်ဆုံး လှုပ်ရှားမှုဖြစ်တာကြောင့် အားကစားဝါသနာရှင်တွေ၊ အားကစားကော်မတီတွေ၊ အားကစားနဲ့ပတ်သက်တဲ့ ပြည်သူလူထုတွေအကုန်လုံးက ပူးပေါင်းလှုပ်ရှားနေတဲ့ ပြိုင်ပွဲကြီးဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အင်မတန်ဂုဏ်ယူပါတယ်။ ဒီပြိုင်ပွဲကြီးက ထွက်ပေါ်လာမယ့် မျိုးဆက်သစ် အားကစားသမားတွေကတစ်ဆင့် နိုင်ငံ့လက်ရွေးစင်တွေရွေးထုတ်နိုင်မယ်။ နိုင်ငံအတွက် အားကိုးအားထားပြုရမယ့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားတွေ ထွက်ပေါ်လာမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးအနေနဲ့ ပြည်နယ်နဲ့တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲ အားကစားနည်း ၂၃ နည်းမှာ အားကစားနည်း ၂၀ ပါဝင်ယှဉ်ပြိုင်နေပါတယ်။ ဘီလီယက်၊ စနူကာ၊ ခရစ်ကက်၊ ဗိုဗီနမ် အဲဒီအားကစားတွေတော့ ပါဝင်ယှဉ်ပြိုင်ခြင်းမရှိပါဘူး။ အားကစားနည်း၂၀ မှာ အုပ်ချုပ်သူ၊ နည်းပြနဲ့ကစားသမား စုစုပေါင်း ၂၃၁ ဦး နဲ့ဝင်ရောက်ယှဉ်ပြိုင်နေတာဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီးအနေနဲ့ ဆုတံဆိပ်မျှော်မှန်းမှုကတော့ ဂေါက်သီး၊ လက်ဝှေ့၊ ပြေးခုန်ပစ်၊ ဝူရှူး (ဆန်းဆို)၊ တိုက်ကွမ်ဒိုစတဲ့ အားကစားနည်းတွေမှာ ရွှေတံဆိပ်ရဖို့မျှော်လင့်ထားသလို ရွှေတံဆိပ် ၂၀ လောက်အထိ မျှော်မှန်းထားပါတယ်။ ၂၀၁၅ ခုနှစ်နောက်ပိုင်းမှာ နိုင်ငံတော်အစိုးရက အကြီးကျယ်ဆုံး ကျင်းပပေးတဲ့ အခမ်းအနားဖြစ်တာကြောင့် ပါဝင်ခွင့်ရတာ အလွန်ပဲဂုဏ်ယူပါတယ်။ တစ်နှစ်တစ်ကြိမ် မကျင်းပပေးနိုင်ရင်တောင် အနည်းဆုံး နှစ်နှစ်တစ်ကြိမ်လောက် လုပ်ပေးမယ်ဆိုရင် မျိုးဆက်သစ်အားကစားသမားတွေ အများကြီး ပေါ်ထွက်လာမှာပါ။

**ကိုကျော်စွာထွန်း**
**ဘတ်စကက်ဘောပြိုင်ပွဲ**
**ဒိုင်လူကြီး**

အခုကျင်းပနေတဲ့ ပဥ္စမအကြိမ် အမျိုးသားအားကစား ပွဲတော်ကြီးမှာ မြန်မာနိုင်ငံဘတ်စကက်ဘော အဖွဲ့ချုပ်အနေနဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီး ဘတ်စကက်ဘော ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး တာဝန်ယူထားရတာ ဖြစ်ပါတယ်။

ပြည်နယ်နဲ့ တိုင်းဒေသကြီး အသီးသီးက ဘတ်စကက်ဘော နဲ့ပတ်သက်ပြီး မျိုးဆက်သစ် အားကစားသမားတွေ အများကြီး ပေါ်ထွက်လာလိမ့်မယ်။ အဲဒီ အားကစားသမားတွေ ထဲကနေ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အားကစားသမား ရွေးချယ်မှုမှာလည်းအများကြီး အထောက်အကူပြုပါတယ်။ အခု ဘတ်စကက်ဘောပြိုင်တဲ့ အားကစားသမားတွေ အတော်လေး ကောင်းလာတယ်။ အမျိုးသားအားကစား ပွဲတော်မှာ ဘတ်စကက်ဘော ထည့်သွင်းကျင်းပတဲ့အတွက် ဘတ်စကက်ဘောအဖွဲ့ချုပ်အတွက်ရော ကစားသမားတွေအတွက်ပါ အများကြီး အထောက်အပံ့ ဖြစ်စေပါတယ်။ အခုလိုပြိုင်ပွဲတွေ ဆက်လက်ကျင်းပပေးစေချင်ပါတယ်။

**ကိုဝင်းထွန်းဦး**
**အမျိုးသားဘော်လီဘော**
**နည်းပြချုပ်**
**မန္တလေးတိုင်းဒေသကြီး**
**ကိုယ်စားပြု**

ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု အမျိုးသားဘော်လီဘောအသင်းကိုဒီပြိုင်ပွဲ မဝင်ခင် နှစ်လအလိုကတည်းက စခန်းသွင်း လေ့ကျင့်ခဲ့တာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရတာဝန်ရှိသူတွေအနေနဲ့ အခုလိုသက်တမ်းအလိုက်ပြိုင်ပွဲတွေပါ ကျင်းပပေးတဲ့အတွက်လည်းကျေးဇူးတင်ပါတယ်။ ဘော်လီဘောပြိုင်ပွဲအတွက်ကတော့ သက်တမ်းလိုက်ပြိုင်ပွဲတွေကနေတစ်ဆင့် အရည်အချင်းရှိသူတွေ ရွေးထုတ်ခွင့်ရတာကြောင့် နောင်လည်း အခုလိုပြိုင်ပွဲတွေ ကျင်းပပေးပါလို့ တောင်းဆိုချင်ပါတယ်။ အခုပြိုင်ပွဲမှာဆို မျိုးဆက်သစ်အားကစားသမားတွေ အများကြီးထွက်တယ်။ အခုကျွန်တော်တို့ အမျိုးသားဘော်လီဘော အသင်းက သုံးပွဲနိုင်ထားပြီးပြီဖြစ်လို့ ရွှေရတဲ့အထိ မျှော်မှန်းထားပါတယ်။ ပြိုင်ပွဲကျင်းပပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ဖြစ်နိုင်ရင်တော့ နှစ်စဉ် နှစ်တိုင်း သက်တမ်းအလိုက်ပြိုင်ပွဲ တွေ ကျင်းပပေးနိုင်ရင်တော့ နိုင်ငံ့လက်ရွေးစင်တွေ ပိုပြီးထွက်ပေါ်လာမယ်လို့ ယုံကြည်ပါတယ်။



## သာကေတမြို့နယ်၌ မီးဘေးလုံခြုံရေး အထူးကျွမ်းကျင်မှု ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဒီဇင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှု FSSC (Fire Safety Specialist Course)(၁/၂၀၂၄) ဆင့်ပွားသင်တန်းဖွင့်ပွဲကို သာကေတမြို့နယ် ခရိုင်မီးသတ်ဦးစီးရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် သင်တန်းမှူးက သင်တန်းကို ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးထံ အပ်နှံပြီး တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းတွင် မီးဘေးလုံခြုံရေးနှင့်ဆက်နွယ်သည့် ဘာသာရပ်များကို သင်ကြားပို့ချမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအတွင်းရှိ ဦးစီးအရာရှိ ၁၄ ဦးတက်ရောက်ကြကာ ဒီဇင်ဘာ ၁၃ရက်အထိပို့ချမည်ဖြစ်ကြောင်း သိရသည်။ **ကိုထက်**

## မုဒုံမြို့ ရွှေဟင်္သာဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

မုဒုံ ဒီဇင်ဘာ ၉

မွန်ပြည်နယ် မုဒုံမြို့ ရွှေဟင်္သာဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသ ဇာတ်တိုက်ဆောင်ရွက်ခြင်းကို ယမန်နေ့က ပြုလုပ်သည်။



ထိုသို့ ဆောင်ရွက်ခြင်းကို မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီးနှင့် ဈေးကြီးရှိ ရေငုတ်တိုင်ဖြင့် လက်တွေ့မီးငြိမ်းသရုပ်ပြသသည်။ ထို့နောက်မြို့နယ်မီးသတ်ဦးစီးမှူး ဦးဖုန်းမြင့်အေးက စည်ပင်ဝန်ထမ်းများနှင့် ဈေးသူဈေးသားများအား မီးသတ်ဆေးဘူးအသုံးပြုပုံနှင့် မီးငြိမ်းသတ်နည်းများ စသည့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးများ အကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **အောင်မျိုးသူ (ပြန်/ဆက်)**

## ချောက်မြို့၌ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေးနှင့် မီးငြိမ်းသတ်ရေးလက်တွေ့သရုပ်ပြ



ချောက် ဒီဇင်ဘာ ၉

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေးလက်တွေ့သရုပ်ပြသခြင်းကို ယနေ့နံနက်ပိုင်းက အထက(၁)ကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်းက အမှာစကားပြောကြားပြီး ဒုတိယဦးစီးမှူး ဦးဇင်မျိုးသန့်နှင့် သန္ဓေတပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးဖြင့် ဆီမီးငြိမ်းသတ်ခြင်းကို လက်တွေ့သရုပ်ပြသခြင်း၊ ကျောင်းသား ကျောင်းသူများအား လက်တွေ့မီးငြိမ်းသတ်စေခြင်း၊ မီးငြိမ်းသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်သရုပ်ပြခြင်း၊ လက်တွေ့ကိုင်တွယ်အသုံးပြုစေခြင်းတို့ကို သရုပ်ပြသခဲ့ကြောင်း သိရသည်။ **ငွေကြယ်**

သာသနာတော်နှစ် ၂၅၆၂၊ မြန်မာသက္ကရာဇ် ၁၃၈၀ပြည့်နှစ်မှစ၍ စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟစာလျှောက်မေးပွဲ ကျင်းပသည်။

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ဘက္ကာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ အကြိမ်(၁၀၆)မြောက်အဖြစ်

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်၊ (၃၀-၁၁-၂၀၂၄)စနေနေ့မှ နတ်တော်လဆန်း (၆)ရက်၊ (၆-၁၂-၂၀၂၄)သောကြာနေ့အထိ ကျင်းပခဲ့သော

စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟစာလျှောက်မေးပွဲတွင် အောင်မြင်တော်မူခဲ့ကြသော အရှင်သူမြတ်များ၏ အောင်စဉ်အလိုက် အောင်စာရင်းကို (၈-၁၂-၂၀၂၄)တနင်္ဂနွေနေ့တွင် ထုတ်ပြန်ကြေညာပါသည်။

သီးခြားစာချတန်း သုံးကျမ်းလုံးအပြီးအောင် အရှင်သူမြတ်များ

| အောင်စဉ် | ခုံနံပါတ် | ဘွဲ့တော် | မိဘအမည် | မွေးဖွားရာဇာတိ | သီတင်းသုံးရာကျောင်းတိုက် | ပါရာဇိကကဏ် | သီလက္ခန် | အဋ္ဌသာလိနီ |
|---|---|---|---|---|---|---|---|---|
| ၁ | ၈ | အရှင်သူရိယာလင်္ကာရ | ဦးကြည်ရွှင်+ဒေါ်ဝင်းဝင်းအေး | ပြည်မြို့ပဲခူးတိုင်းဒေသကြီး။ | ဓမ္မဝိနယရံသီကျောင်း၊ မဟိုးရိမ်တိုက်သစ်၊ မန္တလေးမြို့။ | အောင် | ပြီး | အောင် |
| ၂ | ၂၃ | အရှင်ရဋ္ဌပါလာလင်္ကာရ | ဦးရွှေမောင်+ဒေါ်အုန်းညွန့် | ကြို့ချောင်းရွာမကြီးကျေးရွာ၊ ကြို့ချောင်းအုပ်စု၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်း။ | မြစကြာကျောင်းတိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့။ | အောင် | ပြီး | ပြီး |
| ၃ | ၂၉ | အရှင်ဆေကိန္ဒာလင်္ကာရ | ဦးသန်းထွန်း+ဒေါ်ညို | ထောက်ရာရွာ၊ စိတ္တိန်းအုပ်စု၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မြစကြာကျောင်းတိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့။ | အောင် | ပြီး | ပြီး |
| ၄ | ၁၃ | အရှင်သဒ္ဓနာလင်္ကာရ | ဦးကျော်လှိုင်+ဒေါ်အေးမြ | ကျောင်းစုရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်း။ | စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေးမြို့။ | ပြီး | ပြီး | အောင် |
| ၅ | ၂၈ | အရှင်စန္ဒိမာလင်္ကာရ | ဦးကြည်ဝင်း+ဒေါ်ဝင်းမြိုင် | တာဝရွာ၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ | မြစကြာကျောင်းတိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့။ | ပြီး | အောင် | ပြီး |

သီးခြားစာချတန်း နှစ်ကျမ်းအောင် အရှင်သူမြတ်များ

| အောင်စဉ် | ခုံနံပါတ် | ဘွဲ့တော် | မိဘအမည် | မွေးဖွားရာဇာတိ | သီတင်းသုံးရာကျောင်းတိုက် | ပါရာဇိကကဏ် | သီလက္ခန် | အဋ္ဌသာလိနီ |
|---|---|---|---|---|---|---|---|---|
| ၁ | ၁၁ | အရှင်မာဃိန္ဒ | ဦးသိန်းလှိုင်+ဒေါ်တင်ဝင်း | ဂုံမင်းကွင်းရွာ၊ ညောင်ပင်ကြီးကွင်းအုပ်စု၊ မြန်အောင်မြို့နယ်၊ ဧရာဝတီတိုင်း။ | မဟာမြိုင်ကျောင်း၊ မြန်အောင်မြို့၊ ဧရာဝတီတိုင်း။ | ပြီး | မ | အောင် |
| ၂ | ၂၄ | အရှင်သုစာရိန္ဒာလင်္ကာရ | ဦးမြင့်အောင်+ဒေါ်အုန်းတင် | အိုင်လျှားကျေးရွာ၊ တန့်ဆည်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ | မြစကြာကျောင်းတိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့။ | အောင် | ပြီး | မ |
| ၃ | ၁၈ | အရှင်ကောဝိဒါလင်္ကာရ | ဦးအောင်မြတ်ထွန်း+ဒေါ်တင်ယုံ | တောင်ယာချောင်းကျေးရွာ၊ ကဇောင်းအုပ်စု၊ မော်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်း။ | ဓမ္မပါကဋကျောင်း၊ မဟိုးရိမ်တိုက်သစ်၊ မန္တလေးမြို့။ | မ | အောင် | အောင် |
| ၄ | ၁၅ | အရှင်ကုန္ဒဝံသ | ဦးနိုင်ဦး+ဒေါ်တင်တင်ညို | ပိန္နဲကွင်းကျေးရွာ၊ အင်္ဂပူမြို့နယ်၊ ဧရာဝတီတိုင်း။ | ဓမ္မဒူတသာသနာ့ရိပ်သာ၊ မှော်ဘီမြို့နယ်၊ရန်ကုန်တိုင်း။ | မ | ပြီး | အောင် |
| ၅ | ၃၂ | အရှင်မာနိတလင်္ကာရ | ဦးခင်မောင်သန်း+ဒေါ်လုံး | ပင်လယ်ရွာ၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်း။ | မြစကြာကျောင်းတိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့။ | အောင် | မ | အောင် |

သီးခြားစာချတန်း တစ်ကျမ်းအောင် အရှင်သူမြတ်များ

| အောင်စဉ် | ခုံနံပါတ် | ဘွဲ့တော် | မိဘအမည် | မွေးဖွားရာဇာတိ | သီတင်းသုံးရာကျောင်းတိုက် | ပါရာဇိကကဏ် | သီလက္ခန် | အဋ္ဌသာလိနီ |
|---|---|---|---|---|---|---|---|---|
| ၁ | ၃၃ | အရှင်ပညာနန္ဒာလင်္ကာရ | ဦးညွန့်လွင်+ဒေါ်စန်းဝင်း | စခန်းသာရွာ၊ ဝက်လက်မြို့နယ်၊ စစ်ကိုင်းတိုင်း။ | မြစကြာကျောင်းတိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့။ | မ | အောင် | မ |
| ၂ | ၄ | အရှင်ကောသလ္လာလင်္ကာရ | ဦးသန်းဝင်း+ဒေါ်ခင်မှီ | တမာပင်ခွကျေးရွာ၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်း။ | အောင်ချမ်းသာပရိယတ္တိစာသင်တိုက်၊ မန္တလေးမြို့။ | မ | အောင် | မ |
| ၃ | ၄၁ | အရှင်ဝိလာသ | ဦးထွန်းဖေ+ဒေါ်ခင်ကြည် | ကျွန်းတောင်ရွာ၊ကျောက်တိုင်ကျေးရွာအုပ်စု၊ညောင်ရွှေမြို့နယ်၊ရှမ်းပြည်နယ်တောင်ပိုင်း။ | ပုညာရာမမိုးကုတ်ဝိပဿနာကျောင်း၊သာကေတမြို့နယ်၊ ရန်ကုန်မြို့။ | မ | အောင် | မ |

သီးခြားစာသင်တန်းအောင် အရှင်သူမြတ်များ

| အောင်စဉ် | ခုံနံပါတ် | ဘွဲ့တော် | မိဘအမည် | မွေးဖွားရာဇာတိ | သီတင်းသုံးရာကျောင်းတိုက် |
|---|---|---|---|---|---|
| ၁ | ၁၉၉ | အရှင်အရိယာလင်္ကာရ | ဦးခွန်ပွင့်+ဒေါ်နန်းအိ | ထီတခေါ်ရွာ၊ ပါလောပါကယ်ကျေးရွာအုပ်စု၊ ဆီဆိုင်မြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း။ | မြစကြာကျောင်းတိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့။ |
| ၂ | ၁၉၄ | အရှင်အဂ္ဂဉာဏာလင်္ကာရ | ဦးဆန်းဝင်း+ဒေါ်ချိုချိုသန်း | ညောင်ကုန်းရွာ၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်း။ | မြစကြာကျောင်းတိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့။ |
| ၃ | ၁၇၀ | အရှင်ဉာဏသိရီလင်္ကာရ | ဦးစိုင်းထွန်း+ဒေါ်နန်းဖောင် | နောင်ကျန်ရွာ၊ တုန်ဟုန်းကျေးရွာအုပ်စု၊ တန့်ယန်းမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ | မြစကြာကျောင်းတိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့။ |
| ၄ | ၁၀၇ | အရှင်သောဏာလင်္ကာရ | ဦးအေးလွင်+ဒေါ်စန်းစန်းဝင်း | ကဝက်ကျေးရွာ၊ ဒေးအဲမြို့နယ်၊ ဖျာပုံခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး။ | အာဂမနယုပဒေသကျောင်း၊ မဟိုးရိမ်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ |
| ၅ | ၉၈ | အရှင်ဓမ္မဝိယာလင်္ကာရ | ဦးကျော်ဆွေ+ဒေါ်ခင်ဌေး | မင်းသိရိ(၂)ရပ်ကွက်၊ ကြံခင်းမြို့၊ ဧရာဝတီတိုင်း။ | စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေးမြို့။ |
| ၆ | ၁၇၂ | အရှင်ဂုဏသာရာလင်္ကာရ | ဦးလှမျိုးဟန်+ဒေါ်နွဲ့မှူ | မိုးတောင်ရွာ၊ ငါန်းဇွန်မြို့နယ်၊ မန္တလေးတိုင်း။ | မြစကြာကျောင်းတိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့။ |
| ၇ | ၁၈၁ | အရှင်ဉာဏပါလာလင်္ကာရ | ဦးချစ်ဆွေ+ဒေါ်မာတင် | ညောင်ပင်သာရွာ၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်း။ | မြစကြာကျောင်းတိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့။ |
| ၈ | ၁၅၃ | အရှင်ရဋ္ဌသာရာလင်္ကာရ | ဦးသန်းလွင်+ဒေါ်ခင်မာကြည် | သရက်ပင်ကံဆွယ်ကျေးရွာ၊ မြစ်သားမြို့နယ်။ | မဟာစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့။ |

အထက်ပါ စာလျှောက်မေးပွဲတွင် သီးခြားစာချတန်း သုံးကျမ်းလုံး အပြီးအောင် အရှင်သူမြတ် (၅)ပါးနှင့် သီးခြားစာသင်တန်းအောင် အရှင်သူမြတ် (၈)ပါးတို့အား

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၆)ရက် (၁၉-၁-၂၀၂၅)တနင်္ဂနွေနေ့၌ ဘွဲ့တံဆိပ်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းပါမည်။

ဦးဌေးလှိုင် (ဂေါပကအဖွဲ့ဝင်)
(ဥက္ကဋ္ဌ၊ စာလျှောက်မေးပွဲကျင်းပရေးဆပ်ကော်မတီ)

အလှည့်ကျသဘာပတိ(ကိုယ်စား)
ဦးဘိုးသင်း(ဂေါပကအဖွဲ့ဝင်)

## ရမည်းသင်းမြို့နယ် ပေါက်အိုင်ကျေးရွာ၌ ပဋ္ဌာန်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**ရမည်းသင်း ဒီဇင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပေါက်အိုင်ကျေးရွာ ဇနကာရာမ မြို့မတိုက်သစ်ကျောင်းတိုက်အတွင်း၌ ရှေးဟောင်းကိုးတောင်ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် အကြိမ်(၃၀)မြောက် မသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းတိုက် ပုရိဝုဏ်အတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ဦးစွာ အကြိမ်(၃၀)မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲကို ကျင်းပသည်။ ယင်းနောက် တတိယအကြိမ်မြောက် သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုကျင်းပရာ ဗုဒ္ဓရုပ်ပွားတော်နှင့် သံဃာတော်များ ဆွမ်းအလှူခံကြွရာ အလှူရှင်များက ဆွမ်းဆန်တော်၊ ဆီ၊ ဆေးဝါး၊ လှူဖွယ်ပစ္စည်းအစုစုနှင့် နဝကမ္မဝတ္ထုငွေတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

**လာရောက်လောင်းလှူ**

ယနေ့ကျင်းပသော တတိယအကြိမ်မြောက် သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ကျောင်းပေါင်း ၄၀ မှ ပင့်သံဃာ ၅၅ ပါး ကြွရောက်ကြပြီး ပေါက်အိုင်ကျေးရွာ၊ ဆားကျင်းကျေးရွာ၊ လက်ပံတောကျေးရွာ၊ ကတင်ရွာနှင့် ရမည်းသင်းမြို့မှ အလှူရှင်များက လာရောက်လောင်းလှူကြကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက် အမှတ်(၅၆၇)၊ မြို့မလမ်း၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ) အကျယ်မြေကွက်ပေါ်တွင် အလျား(၅၄)ပေ x အနံ(၂၇)ပေ၊ (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦရှိ (၅)လွှာ (ခြေရင်းခန်း) အခန်းအကျယ် (၁၃ x ၅၄)ပေ၊ အမြင့် (၉)ပေ၊ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းနှင့် ဆက်စပ်သောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းဌေး [၁၂/ကတတ(နိုင်) ၀၇၅၂၇၂]မှ ရောင်းချ ခွင့် ရှိကြောင်း မြွက်ဟပြောဆို၍ ရောင်းချရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ (စရန်ငွေ)အား ရောင်းချသူထံ ပေးချေဝယ်ယူထားရှိပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အပြည့်အစုံနှင့်တကွ မြေပိုင်ရှင်နှင့် ကျွန်ုပ်ထံသို့ တရားဝင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်သူမရှိပါက တရားဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန်းထွင်ရှ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၇၃)**
**အမှတ်(၄၀/ခ)၊ တကောင်း(၂)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း - ၀၉-၅၀၆၂၈၅၂၊ ၀၉-၄၅၂၆၅၉၂၀၄**


## အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်း အုပ်စု (E) တွင် ကျရောက်

**နေပြည်တော် ဒီဇင်ဘာ ၉**

၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ဒီဇင်ဘာ ၉ ရက်က မလေးရှားနိုင်ငံတွင် ပြုလုပ်ရာ မြန်မာအသင်း အုပ်စု (E) တွင် ကျရောက်သည်။

တတိယအဆင့်ခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၂၄ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်း ခြောက်အုပ်စုခွဲ၍ ၂၀၂၅ ခုနှစ် မတ်လမှ ၂၀၂၆ ခုနှစ် မတ်လအထိ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရသည့် ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ခြေစစ်ပွဲ အုပ်စုမဲခွဲမှုအရ အုပ်စု(A) တွင် တာဂျစ်ကစ္စတန်၊ ဖိလစ်ပိုင်၊ မော်လ်ဒိုက်၊ တီမော၊ အုပ်စု (B) တွင် လက်ဘနွန်၊ ယီမင်၊ ဘူတန်၊ ဘရူနိုင်း၊ အုပ်စု(C) တွင် အိန္ဒိယ၊ ဟောင်ကောင်၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ အုပ်စု (D) တွင် ထိုင်း၊ တာ့ခ်မင်နစ္စတန်၊ တရုတ်တိုင်ပေ၊ သီရိလင်္ကာ၊ အုပ်စု (E) တွင် ဆီးရီးယား၊ အာဖဂန်နစ္စတန်၊ မြန်မာ၊ ပါကစ္စတန်၊ အုပ်စု (F) တွင် ဗီယက်နမ်၊ မလေးရှား၊ နီပေါနှင့် လာအိုအသင်းတို့ ကျရောက်နေသည်။

မြန်မာအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲတွင် တွေ့ဆုံခဲ့သည့် ဆီးရီးယားအသင်းနှင့် ထပ်မံတွေ့ဆုံပြီး အိမ်ကွင်းတွင် သရေကျသော်လည်း အဝေးကွင်း၌ အရေးနိမ့်ခဲ့သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - သော်ကြီး**






## သုံးခွမြို့ ရှစ်မျက်နှာစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်မည်

**(စေတနာရှင်များ ပါဝင်လှူဒါန်းကြပါရန်)**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ (မြို့မဈေး)အနီးရှိ မြို့ကျက်သရေဆောင် ရှစ်မျက်နှာစေတီတော်မြတ်ကြီးကို လွန်ခဲ့သော (၂၀၁၂) ခုနှစ်တွင် နောက်ဆုံးရွှေသင်္ကန်း ကပ်လှူပူဇော်ခဲ့ရာ နှစ်ကာလကြာမြင့်လာသည်နှင့် ရာသီဥတုဒဏ်ကြောင့် ရွှေသင်္ကန်း အရောင်များမှေးမှိန်လာသောကြောင့် ထပ်မံ လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ရန် စီစဉ်လျက်ရှိရာ စုစုပေါင်းငွေကျပ်သိန်း(၄၀၀၀)ကျော်ခန့် ကုန်ကျမည်ဖြစ်ပါသည်။ ပါဝင်လှူဒါန်းလိုသော ကုသိုလ်ရှင်များအနေဖြင့်–

(၁) ဒေါက်တာဘဒ္ဒန္တနန္ဒာလင်္ကာရ
မြို့မရေလည်ကျောင်းတိုက်ဆရာတော်၊
ဖုန်း–၀၉–၄၃၆၆၆၅၅၅
(၂) ဆရာညို ဖုန်း–၀၉–၄၂၀၁၆၈၇၄၇
(၃) ဦးလှကြိုင် ဖုန်း–၀၉–၄၂၀၁၇၃၄၂၆
(၄) ဦးနေအေး ဖုန်း–၀၉–၄၂၀၀၂၉၂၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

## ဖခင်အမှန်

ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်း (သိုင်း၀)၊ Grade–12 မှ မပန်းအိဇင်၏ ဖခင်အမည်မှန်မှာ ဦးအောင်လှိုင် [၇/ရတရ(နိုင်)၀၃၀၅၀၆] ဖြစ်ပါကြောင်း။

**ဦးအောင်လှိုင်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း (သိုင်း၀) Grade–10(A) မှ မောင်ဉာဏ်ထက်လင်း၏ ဖခင်အမည်မှန်မှာ ဦးစိုးလွင် [၇/ရတရ(နိုင်)၁၀၀၂၅၇] ဖြစ်ပါကြောင်း။

**ဦးစိုးလွင်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ(၀.၂၅၇)ဧက၊ မြေကွက်အမှတ်(ဥ–၅၂၁၈)၊ ဒေါ်မေဖူးအောင်၊ အဖအမည် ဦးမြင့်အောင်၊ အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်မေဖူးအောင်[၃/ဘအန(နိုင်)၁၂၅၆၈၈]၊ အဖအမည် ဦးမြင့်အောင်၊ ဒေါ်စိုးပပလွင်[၁၂/ဗတထ(နိုင်)၀၁၀၀၉၄]၊ အဖအမည် ဦးစိုးမြင့်အမည်ဖြင့် မှတ်ပုံတင်အရောင်းအ၀ယ်စာချုပ် ချုပ်ဆိုရန် မြေပုံ/မြေရာဇ၀င်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရား၀င်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၎င်းကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇ၀င်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မိုလ်တထောင်ခရိုင်၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ရတနာသီရိလမ်း၊ အမှတ်(၂၅၃)ဟုခေါ်တွင်သော အကျယ်အ၀န်း (၂၅ ပေ x ၅၀ ပေ)ရှိ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နှစ်ခန်းတွဲ၊ (၆)ထပ်တိုက် အဆောက်အဦ၏ မြေပိုင်ရှင်အကျိုးခံစားခွင့်ရရှိထားသော မြေညီထပ်၊ ခေါင်းရင်းခန်း၊ အကျယ်အ၀န်း (၁၂½ပေx၄၈ပေ)ရှိ တိုက်ခန်းနှင့် လျှပ်စစ်မီတာ၊ ရေမော်တာအပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထား တရား၀င်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဦးငြိမ်းချမ်း[၁၂/ဒပန(နိုင်)၀၄၃၂၀၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းထွန်း[၁၁/ကတန(နိုင်)၀၈၃၅၂၁]မှ အပြီးအပိုင်၀ယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအ၀ယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမောင်မောင်အေး B.A(Law), LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၀၀)**
**ဖုန်း–၀၉–၇၇၃၆၄၅၈၀၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇ၀နသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက် (၁/ဥတ္တရသီရိမြောက်ရပ်)၊ မြေကွက်အမှတ် (ဥ–၅၂၁၈)၊ ဧရိယာ (၀.၂၅၇)ဧကရှိ ဒေါ်မေဖူးအောင် (ဘ) ဦးမြင့်အောင် [၃/ဘအန(နိုင်)၁၂၅၆၈၈] အမည်ပေါက် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ၀ယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရား၀င်ခိုင်လုံသော မြေပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား (မူရင်း)များဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်း၀ေစိုး [LL.B ,D.B.L, D.I.L,WIPO (Switzerland)]**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၆၉၅၆)**
**အမှတ် (၂၇၅)၊ ပိတောက်လမ်း၊ သပြေကုန်းရပ်ကွက်၊**
**ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း – ၀၉–၉၆၆၅၈၅၀၅၀**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒိုမီနီယံ၏ အဆောက်အဦ(BLOCK E)၊ ပထမထပ်၊ အခန်းအမှတ်–(၁၂၅)ဟု ခေါ်တွင်သည့်ရေ၊ မီးအစုံအလင်ပါ၀င်သော တိုက်ခန်းအပါအ၀င် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အခန်းပိုင်ရှင်မှတ်တမ်းစာအုပ်တွင် အမည်ပေါက်ဖြစ်သူ ဦး၀င်းမြင့် [၁၂/ဒဂန(နိုင်)၀၁၅၃၁၄]မှ လက်၀ယ်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချခွင့်ရှိကြောင်း၀န်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်း၀ယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မေသန္တာ [၁၂/ရကန(နိုင်)၀၇၅၇၆၈]ကစရန် ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအ၀ယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအ၀ယ်ကိုပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေသန္တာ[၁၂/ရကန(နိုင်)၀၇၅၇၆၈ ]၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်** | **ဒေါ်ချယ်ရီ၀င်း** |
| **(LL.B,D.B.L,D.I.L,D.M.L)** | **[LL.B,W.I.P.O(Switzerland)]** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၃၇ )** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၄၀၁)** |

**အမှတ်–(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ (၃)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၀၉၈၉၄၂၊ ၀၉–၇၉၅၉၂၀၉၃၂**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ အနော်မာ(၃)လမ်းအနောက်၊ အမှတ်(၄၅/ခ)ဟုခေါ်တွင်သော ဒေါ်ညိုညိုအမည်ပေါက်လျက်ရှိပြီး အလျား (၂၀) ပေ x အနံ (၆၀) ပေရှိ နှစ်(၆၀)ဂရန်မြေကွက်အား ယခုရောင်းချသူ၏ အဘွားဖြစ်သူ ဒေါ်ညွှန့်ညွှန့်၀ေ [၁၂/သကတ(နိုင်)၀၄၇၆၂၄] က အရောင်းအ၀ယ်မှတ်ပုံတင်စာချုပ်အမှတ်–၁၂၉၄/၉၇ ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ဒေါ်ညွှန့်ညွှန့်၀ေကွယ်လွန်ပြီးနောက် တစ်ဦးတည်းမြေးဖြစ်သူ ဒေါ်စောယုထွန်း [၁၂/သကတ(နိုင်)၂၀၉၉၁၁] မှ အမွေထိန်းလက်မှတ်စာအရ တရား၀င်ရောင်းချပိုင်ခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် မိမိလက်၀ယ်တွင်ရှိကြောင်း ၀န်ခံကတိပြုသောကြောင့် အထက်ဖော်ပြပါမြေကွက်ကြီးအတွင်းမှ တရား၀င်မခွဲစိတ်ရသေးသော အလျား(၂၀ ပေ) x အနံ (၃၅) ပေ၊ ဧရိယာ(၇၀၀) စတုရန်းပေအကျယ်အ၀န်းရှိသော မြေကွက်နှင့် မြေပေါ်ရှိအိမ်တို့အား ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အေးမြတ်အောင် [၁၂/သကတ(နိုင်)၂၈၄၅၇၃] မှ အပြီးအပိုင်၀ယ်ယူရန် အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်ခြံမြေကွက်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအ၀ယ်ကိစ္စအား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်စီစီနိုင် (LL.B)** | **ဒေါ်မျိုးမမထွန်း (LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၁၁၁၀၀)** | **(စဉ်–၁၁၁၃၆)** |

**အမှတ်(၈၉၉/ခ)၊ ထူပါရုံ(၁၂)လမ်းအနောက်၊ ၁/ထူပါရုံရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၀၅၂၀၄၃၊ ၀၉–၂၆၁၇၇၆၈၂၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ တိုက်အမှတ် (၁၂၂)၊ မြေညီထပ်(ခြေရင်းခန်း)၊ ထပ်ခိုးပါ ( အလျား ၁၁. ၅ ပေ x အနံ ၄၇ ပေ x အမြင့် ၁၇ ပေ ) အကျယ်ရှိ တိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ရေမော်တာအပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးရဲစိုး [၁၀/ရမန(နိုင်)၂၀၀၄၁၉] မှ (၃၀–၁၂–၂၀၁၈) ရက်နေ့တွင် ဒေါ်ခင်၀င်းမာထံမှ ၀ယ်ယူ လက်ရောက်ပိုင်ဆိုင်ရရှိခဲ့ပြီးနောက် အစ်မဖြစ်သူ ဒေါ်ဖြူဖြူ၀င်း [၆/ရဖန (နိုင်)၀၆၆၀၁၂] ကိုင်ဆောင်သူနှင့် သမီး (၂) ယောက်အား ခေတ္တနေထိုင်ခွင့်ပြုခဲ့ပါသည်။

အဆိုပါ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးရဲစိုး ၀ယ်ယူပိုင်ဆိုင်ထားသော အထက်ပါ တိုက်ခန်းနှင့် ပတ်သက်၍ ဦးရဲစိုး၏ သဘောတူခွင့်ပြုချက်မပါရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန်နှင့် ဖြစ်ပေါ်လာသော ကိစ္စအ၀၀တို့သည် ကျွန်ုပ်၏မိတ်ဆွေမှ တာ၀န်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ကျွန်ုပ်တို့၏ မိတ်ဆွေနှင့်လည်း သက်ဆိုင်ခြင်းမရှိကြောင်းနှင့် ထိုသို့ ပြုလုပ်ခဲ့ပါက ပြုလုပ်သူတို့၏ တာ၀န်သာဖြစ်ပြီး ပြုလုပ်သူများအပေါ် လိုအပ်သလို ကျွန်ုပ်တို့၏ မိတ်ဆွေမှ ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**

| | |
|---|---|
| **ဦးတင်ထွဋ် H.G.P, LL.B** | **ဒေါ်မြတ်သီတာအောင်( LL.B )** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၅၇၆၀/၉၁)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၇၅၁)** |

**အမှတ် (၂၀၈)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း (အလယ်ဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၄၃၁၁၉၂၅၆၊ ၀၉–၂၅၀၀၂၁၇၇၂**

## ဖခင်အမှန်

ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း (သိုင်း၀)၊ Grade–11 မှ မနှင်းပွင့်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးသိန်းရွှေ [၇/ရတရ(နိုင်)၀၃၁၅၇၃] ဖြစ်ပါကြောင်း။

**ဦးသိန်းရွှေ**

## ဖခင်အမှန်

ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်း(သိုင်း၀)၊ Grade–10(A) မှ မသန်းသန်းမွှေး၏ ဖခင် အမည်မှန်မှာ ဦးမျိုးမင်းဆွေ [၇/ရတရ(နိုင်)၁၁၈၄၇၅] ဖြစ်ပါကြောင်း။

**ဦးမျိုးမင်းဆွေ**

## ဖခင်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ ရိပ်သာရပ်ကွက်၊ ရန်ကင်း(၂)လမ်း၊ ရိပ်သာအုပ်စု၊ ကွင်းအမည်သာယာကုန်းကွင်း၊ ကွင်းအမှတ်-၉၈၈(က ၂)၊ ဦးပိုင်အမှတ်(၈၉/၁၅)၊ မြေစာရင်း(၈)မြေခွန်ပြေစာပါ မြေလုပ်ကိုင်သူ ဦးသန်းထွန်းအမည်ဖြင့် ဧရိယာ(၀.၀၈)ဧကရှိသည့်အနက် ခေါင်းရင်းဘက်အခြမ်း(၂၀x၆၀) ပေရှိ ခြံမြေကွက်နှင့် ယင်းခြံမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ထပ်ပျဉ်ထောင်အိမ်(၁)လုံး၊ ရေ၊ မီးအစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ရောင်းချ စီမံခန့်ခွဲပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးစိုးနိုင် (ဘ)ဦးသန်းထွန်း[၁၂/လကန(နိုင်)၁၄၆၅၃၂ ]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်ထွန်းစိုး (ဘ) ဦးသန်းဆွေ [၉/နထက(နိုင်)၁၄၉၅၃၅] က ဝယ်ယူရန်အတွက် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်မှုကို အကျိုးသက်ဆိုင်သူ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ထွန်းစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ဇင်သူဖြိုး (LL.B)** | **ဒေါ်နော်ဇာဇာဦး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၁၆၉၃၄ (၂၁-၁-၂၀၂၀)** | **စဉ်-၁၆၁၂၂ (၁-၁၀-၂၀၁၉)** |
| **မြို့မရပ်ကွက်၊ (၈/၂)၊ လှည်းကူးမြို့၊** | **ဦးချမ်းအေးလမ်း၊ (၄/၇၉)၊ အောင်မင်္ဂလာ** |
| **ရန်ကုန်တိုင်းဒေသကြီး။** | **ရပ်ကွက်၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်း** |
| **ဖုန်း-၀၉-၇၉၅၅၃၃၁၉၃** | **ဒေသကြီး။ ဖုန်း-၀၉-၇၇၈၄၀၅၉၉၈** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၅)၊ရွှေကမ်းသာယာအိမ်ရာ၊(၉)လမ်း၊ မြေကွက်အမှတ်(၃၄၄)Block-47, No-5၊ မြေဧရိယာ(အလျား ၅၀ပေ× အနံ၇၅ပေ)၊ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးသက်မင်းမင်း(၉/ မကန(နိုင်)၁၀၃၃၂၆)မှတရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ရောင်းချရန်ကမ်းလှမ်းလာသဖြင့်ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ကန့်ကွက်လိုပါကခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မြတ်သင်းယဉ်** | **ဒေါ်စုဖြိုးဝေ** |
| **LL.B, DL-101 WIPO(Switzerland)** | **LL.B** |
| **အထက်တန်းရှေ့နေ(စဉ်-၂၇၃၂၅)** | **အထက်တန်းရှေ့နေ(စဉ်-၄၂၇၈၃)** |

အမှတ်(၁၂၄၃/စီ)၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ်။ဖုန်း: 09-403121136, 09-5054804

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ အင်းတန်ကျေးရွာ၊ ဝါးနက်ချောင်းလမ်း၊ အမှတ်(၁၂၉)ဟုခေါ်တွင်သော အလျား-၃၉ ပေ x အနံ-၈၃ ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟုအဆိုပြုသူ ဒေါ်ခင်စောမြ [၁၁/စတန(နိုင်)၀၆၂၄၄၀] ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ် သူ ဒေါ်ခင်ချမ်းမြေ့လှိုင် [၇/ရတရ(နိုင်)၁၀၂၁၃၆]သည် အဆိုပါမြေကွက်အား အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၅)ရက်အတွင်း မူရင်းစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟိန်းဇော်လင်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၉၃)**
**ရုံး-အမှတ်-၇၀၂/ခ၊ ရုံးပေါင်းစုံလမ်း၊ မြို့နယ်တရားရုံးရှေ့၊ မှော်ဘီမြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃/မာန်ပြေ)ရပ်ကွက်၊ မာန်ပြေ (၁၇)လမ်းအရှေ့၊ မြေကွက် အမှတ် (၉၇၃/ခ)၊ အမှတ် (၂၆/ခ)၊ ၅-လွှာ (တစ်မိုးအောက်)၊ အကျယ်အဝန်း (၁၈x၅၄)ပေဟု ခေါ်တွင်သော တိုက်ခန်းအား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စောမြသန္တာဝင်း [၁၂/ဒဂန(နိုင်)၀၀၂၃၉၆]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ချောစုဝင်း [၁၂/ဒလန(နိုင်)၀၄၄၇၈၆]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်တင်တင်အေး (LL.B)**
**အထက်တန်းရှေ့နေ ( စဉ် - ၅၆၄၁၀ )**
**အမှတ် (၁၂၅)၊ သီတာနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-763825397, 09-767295026**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်မာ(၆)လမ်းအရှေ့၊ အမှတ်(၂၅၀/၂၅၁)၊ ဒုတိယထပ်(၃-လွှာ)၊ တိုက်မျက်နှာမူလျှင် (ဘယ်)၊ အကျယ်အဝန်း (၁၈ x ၅၄)ပေဟုခေါ်တွင်သော တိုက်ခန်းအား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ရီရီမြင့် [၁၂/သကတ(နိုင်)၁၁၈၁၈၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရှော်ဘီအုလ္လာ [၁၂/ဒဂတ(နိုင်) ၁၄၄၄၇၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်တင်တင်အေး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၆၄၁၀)**
**အမှတ် (၁၂၅)၊ သီတာနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-763825397, 09-767295026**

## လင်မယားကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ Star City, CL-6, No. 308 နေ မအေမီသိန်းတန်(ခ) ဘီလ်ကစ်ဘီ (ယခု - ခေတ္တမလေးရှား)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မအေမီသိန်းတန်(ခ)ဘီလ်ကစ်ဘီ နှင့် ကိုသန်းဇော်ဦး(ခ)ဆလင်းမ်တို့သည် (၁၂-၂-၂၀၁၂) ရက်နေ့တွင် အစ္စလာမ့်တရားဥပဒေနှင့်အညီ နိကာဟ်ပြု ထိမ်းမြားလက်ထပ်ခဲ့ပါသည်။

ယခုနောက်ပိုင်းတွင် မအေမီသိန်းတန်က အိမ်ထောင်ရေး အဆင်မပြေသည့်ကိစ္စများကို မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို) သို့ တင်ပြလျှောက်ထားခဲ့ပါသည်။

မော်လဝီအဖွဲ့ချုပ်(ဗဟို)မှ စာအမှတ် - ၁၀၆/ ၂၄/ ဓမ္မ/ မလဝ - ဗဟ ဖြင့် (၁၉ - ၁၁ - ၂၀၂၄) ရက်နေ့တွင် အစ္စလာမ့်ရှရီအသ်တရားတော်နှင့်အညီ ဖသ္သဝါဓမ္မသတ်ပြန်ကြားခဲ့ပါသည်။ ထိုဓမ္မသတ် ပြန်ကြားစာအရ နေကာဟ်ထိမ်းမြားမှုပျက်ပြယ်စေသည့် (သွလာကေဗာအင်န်) တစ်ကြိမ် အတည်ပြုပြီး လင်မယားအဖြစ် အပြီးအပြတ် ကွာရှင်းခွင့်ရှိသည်ဟု ပါရှိပါသည်။

ထို့ကြောင့် (၂၀ - ၁၁ - ၂၀၂၄) ရက်နေ့တွင် သက်သေများရှေ့မှောက်၌ (သွလာကေဗာအင်န်) တစ်ကြိမ် အတည်ပြုခြင်းဖြင့် ခင်ပွန်းအဖြစ်မှ အပြီးအပြတ်ကွာရှင်းပြတ်စဲလိုက်ပြီဖြစ်ကြောင်း မြွက်ဟကြေညာလိုက်ပါသည်။

သို့ပါ၍ မအေမီသိန်းတန်နှင့် ကိုသန်းဇော်ဦးသည် (၂၀-၁၁-၂၀၂၄) မှစ၍ လင်မယား ကွာရှင်းပြတ်စဲပြီး တစ်ဦးနှင့်တစ်ဦး မည်သို့မျှ မသက်ဆိုင်တော့ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရန်နိုင် (မြောင်းမြ) (စဉ် - ၂၈၁၉/၈-၁၁-၁၉၈၄)**
**LL.B; WIPO(Geneva); Dip.Eng(U.K): C.Arabic IV(Cairo)**

| | |
|---|---|
| **ဒေါ်ခင်ဇာနည်ကျော် (LL.M, LL.B)** | **ဒေါ်အိမ္မွန်ကျော် (LL.B, D.I.L)** |
| **(စဉ် - ၁၉၀၆၀/ ၂၄)** | **(စဉ် - ၁၈၆၈၄/ ၂၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**၅၂ - မြေညီ၊ ၁၅၇ လမ်း၊ တာမွေမြို့နယ်။ ဖုန်း - 09-250821486**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းကွင်းအမှတ်-၄၄၊ ဦးပိုင်အမှတ်-၇-ဃ နှင့် ၇-င ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဝိဇ္ဇာလမ်းသွယ်၊ အမှတ်-၁၅၀ ဟုခေါ်တွင်သော အကျယ်အဝန်း (၃၇ x ၇၀) ပေနှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိတရားဝင်ပိုင်ရှင်များဖြစ်သော ၁။ ဦးငွေးလွင် [၁၂/စခန(နိုင်)၀၁၄၃၉၆] (ကွယ်လွန်၏ဇနီးဖြစ်သူ)၊ ၂။ ဒေါ်သန်းသန်းဆွေ [၁၂/စခန(နိုင်)၀၁၃၈၆၃] ကိုင်ဆောင်သူမှ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ခံလျက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူထံ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် အိမ်နှင့်မြေကွက်ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ အိမ်နှင့်မြေကွက်ကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ်ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အေးမြင့်ရီ BSc, DA, HGP, R.L, DBL, DML, DIL** | **ဦးသိန်းညွန့် BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁)** |
| **ဖုန်း - ၀၉-၇၉၈၈၂၇၅၉၀** | **ဖုန်း - ၀၉-၅၀၅၃၁၀၇** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးသန့်ဇင်၏သား မောင်မျိုးထွန်းကျော် [၁၂/အစန(နိုင်)၂၃၆၁၁၅]၏ Coustom Broker ကတ် ပန်းရောင်ကတ် (538152) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၀၆၁၃၁၁၆၊ ၀၉-၂၆၀၃၇၁၃၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၀-ရပ်ကွက်၊ (၁၆)လမ်း၊ မြေကွက်အမှတ်(၉၉၄/က)ဟုခေါ်တွင်သော မြေအလျားxအနံ(၂၀x၆၀)ပေ အကျယ်အဝန်းရှိ ဒေါ်ခင်ဝင်း အမည်ပေါက် အိမ်ခြံမြေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (၁၀x၆၀)ပေ အကျယ်အဝန်းရှိ (၂)ထပ် အိမ်ခြံမြေအား ဒေါ်တင်တင်လှ မှ ဝယ်ယူပိုင်ဆိုင်ထားပြီး ယင်းမြေကွက်ကို ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို (၈-၁၂-၂၀၂၄)ရက်နေ့တွင် ပေးအပ်ရာ ရောင်းချသူမှ လက်ခံရရှိပြီးဖြစ်ပါသည်။

အဆိုပါအိမ်ခြံမြေအရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်မှုရှိသော ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအုန်းသန်း(B.A(Geog), R.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၃၉)**
**အမှတ်(၃၁၀/ခ)၊ ဗလ္လိက(၁၂)လမ်း၊ ၁၀-ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း - ၀၉-၂၅၄၂၇၃၅၅၀၊ ၀၉-၂၅၀၁၅၉၄၂၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘဟန်လမ်းသွယ်၊ အမှတ်(၄၈-အေ)၊ မှန်ခန်း(ခေါင်းရင်း)ဟုခေါ်တွင်သော အလျားx အနံ (၁၂ ⅔ x ၃၄)ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်ပါရှိသော လျှပ်စစ်မော်တာ၊ ရေမီတာအပါအဝင် အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အား လက်ရှိနေထိုင်ပြီး၊ အကျိုးခံစားပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဦးဝင်းမင်းဦး(ဘ)ဦးစန်းအောင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၃/ပတယ(နိုင်)၀၇၃၉၂၃] ကိုင်ဆောင်သူထံမှ ဦးငွေအောင်(ဘ)ဦးလှရွှေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/ကမတ(နိုင်)၀၂၆၀၂၉] မှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ (ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါ၍ ဖော်ပြပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ရာ၌ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား စာမှတ်စာတမ်း မူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်ပြီး တိုက်ခန်းအား လက်ရောက်ရယူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ချိုချိုမွေး (LL.B,D.B.L,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၀၅၃၅/၃၀-၄-၂၀၁၅)**
**အမှတ်(၆၂)၊ ပထမထပ်၊ ရုံးခန်း(၁၅)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**09-43082568**

**ဒေါ်တင်တင်ဝင်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၇၅၆၅/၂၁-၁၂-၂၀၂၁)**
**အမှတ်(၆၂) ပထမထပ်၊ ရုံးခန်း (၁၅)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**09-762283656**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

## အလုံခရိုင်တရားရုံးတော်

## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၇

ဦးကျော်လွမ်းနိုင် } နှင့် { ၁။ ဒေါ်မြေင့်
၂။ ဒေါ်တင်လှိုင်
၃။ ဦးစိုးတင့်
၄။ ဦးကျော်မြင့်

**တရားလို** — **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်-၉၊ ဝေဠုဝန်(၁)လမ်းနေ (၁)တရားပြိုင် ဒေါ်မြေင့် (ယခုနေရပ်လိပ်စာမသိ)၊ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်-၆၊ ဇေယျာဝတီလမ်းနေ (၂) တရားပြိုင် ဒေါ်တင်လှိုင် (ယခုနေရပ်လိပ်စာမသိ)၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အမှတ်-၅၇(က)၊ ဝေဠုဝန်လမ်းကျယ်၊ ဝေ/တောင် ရပ်ကွက်နေ (၃)တရားပြိုင် ဦးစိုးတင့် (ယခုနေရပ်လိပ်စာမသိ)၊ **ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်၊ အမှတ်-၃၃၊ ကျောင်းကုန်းလမ်း၊ လင်းလွန်း/မြောက်ရပ်ကွက်နေ (၄)တရားပြိုင် ဦးကျော်မြင့် (ယခုနေရပ်လိပ်စာမသိ)**တို့ သိစေရမည်။

သင့်အပေါ်၌ **တရားလိုက "အရောင်းအဝယ် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်။ (၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်)နေ့ မွန်းမတည့်မီ နံနက်(၁၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁) **စာရွက်စာတမ်း**များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝေဠုထွန်း)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**အလုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ဃ၊ မြေကွက်အမှတ် (၁၈၃/ခ)၊ ဧရိယာစတုရန်းပေ (၂၀ပေ x ၆၀ပေ)ရှိ နှစ် (၆၀) မြေငှားဂရန် မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၈၃/ခ)၊ မေခါဝီလမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော RC (၃) ထပ်ခွဲ အဆောက်အဦနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မို့မို့ကျော် (ခ) ဒေါ်မို့မို့အေး [၁၂/ဥကမ(နိုင်)၁၇၁၁၉၀] မှ တရားဝင်အမည်ပေါက် ပိုင်ဆိုင်၍ အမွေစားအမွေခံမှုအစ အမှုအခင်း အရှုပ်အရှင်းကင်းပါကြောင်း တရားဝင်လက်ရောက်လွှဲပြောင်း ရောင်းချပေးပါမည်ဟု ဝန်ခံကတိပြုသူထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ငွေးနွဲ့ (LL.B, DBL, DML)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၈)**
**အမှတ်(၃၅)၊ အခန်း(၁၀၂)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၁၁၉၄၇၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃စီ)၊ မြေကွက်အမှတ်(၁၉၄အေ)၊ အဆောက်အအုံအမှတ်(၁၈)၊ အရိုးကုန်းရပ်ကွက်၊ (၁၄၇)လမ်း၊ အမှတ်(၁၈)၊ (၆)ထပ်တိုက်၏ (ပထမထပ်)ဒုတိယလွှာတွင်တည်ရှိသော(အလျား၂၅ပေxအနံ၆၀ပေ) ကျယ်ဝန်းသည့် တိုက်ခန်း၊ Aircon(၃)လုံးနှင့်တကွ ပတ်သက်ဆက်နွယ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၏ တရားဝင် အမည်ပေါက်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်မောင်ဦး(ဘ)ဦးချောမောင် [၅/ကလထ(နိုင်)၀၁၈၁၇၂]နှင့် ဒေါ်တင်တင်ငွေး(ဘ)ဦးကျွေ [၁၂/သကတ(နိုင်)၁၄၉၁၈၇]တို့ထံမှ တရားဝင်ပိုင်ဆိုင်မှုအထောက်အထား၊ စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေမို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၀၀၇)**
**ကွန်ဒို(ဘီ)၊ အခန်း(၃၀၁)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉-၆၉၅၁၀၂၉၃၀၊ ၀၉-၇၉၅၇၃၀၉၅၁**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၆-ရပ်ကွက်၊ မာလာမြိုင်(၈) လမ်း၊ အမှတ်-၆၈၊ (၂) ခန်းတွဲ (၆) ထပ်တိုက်၏ ပဥ္စမထပ်၊ ၆-လွှာ (ခြေရင်းခန်း)၊ ဧရိယာ (အလျား ၁၂.၅ ပေ x အနံ ၅၀ ပေ) ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်၍ပြန်လည် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်မေဇွန်လိုင်မိုး** (ဘ) ဦးထိန်လင်း (၁၂/မရက (နိုင်) ၁၉၁၇၂၉) ထံသို့ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်း ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား (မူရင်း) များနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အထက်ပါတိုက်ခန်းအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးမိုးဇော်ဦး (LL.B)**
(စဉ်-၈၉၈၅/၁၃)
**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်နန်းအေးသစ်သစ်ဟန် (LL.B)**
(စဉ်-၅၅၇၁၉/၂၃)
**အထက်တန်းရှေ့နေ**

အမှတ်-၁၂၂၊ ပ-ထပ်၊ အနော်ရထာလမ်းနှင့်ပန်းဆိုးတန်းလမ်းထောင့်၊ (၄) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၉၈၆၀၂၆၄၆၊ ၀၉-၂၅၄၂၀၁၂၁၂၊ ၀၉-၇၃၀၇၁၄၄၇

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ်(၂၀)၊ (၄လွှာ/အေ) တိုက်ကိုမျက်နှာမူပါက (ဝဲ) ဘက်ခြမ်း၊ အကျယ်အဝန်း (၁၂'x၅၀')ခန့် အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးတိဿစိုး [၁၂/ဒပန(နိုင်)၀၃၅၀၀၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း၊ ပိုင်ဆိုင်မှု အထောက်အထား၊ စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီလာ L.L.B, D.B.L, D.I.L, D.I.R, C.B.D,S (MOFA)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၈၁)**
**Ph: 09-785555030, 09-440440710**

## မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးပါရန်အတွက် ဒေါ်နီလာဦး [၁၂/သကတ (နိုင်) ၀၃၁၀၁၁] သိရှိစေရန် အကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃) ရပ်ကွက်၊ မာန်ပြေ (၁၆) လမ်း၊ မြေကွက်အမှတ် (၉၃၈/က)၊ အမှတ် (၁၂)ဟုခေါ်တွင်သော မြေနှင့်အိမ်အား လူကြီးမင်းက အမည်ပေါက်ပိုင်ဆိုင်သောကြောင့် (၁၁-၉-၂၀၀၉) ရက်စွဲပါ နှစ်ဦးသဘောတူ မြေနှင့်အိမ်အရောင်းအဝယ် စာချုပ် ချုပ်ဆို၍ ဒေါ်စုစုထွေး [၁၂/လကန(နိုင်) ၁၅၁၀၂၆] ထံသို့ လွှဲပြောင်းရောင်းချလက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်ပါသော်လည်း စာချုပ်ပါကတိအတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန်ကျန်ရှိနေပါသည်။ ထို့ကြောင့် ယနေ့ သတင်းစာကြော်ငြာပါသည့်နေ့ရက်မှစတင်၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဒေါ်စုစုထွေး ထံသို့ဖြစ်စေ ဆက်သွယ်၍ ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအသိပေး အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ပါရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နီလာစိန်** — **အထက်တန်းရှေ့နေ (စဉ်-၅၄၆၆၆)**
**ဒေါ်ခင်စိုးဝင်း** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၅၃၁)**
**ဒေါ်နှင်းသီတာဖြိုး** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၇၂၀)**

**အမှတ် (၁၃၃)၊ အခန်း (၄၀၅)၊ စက်ရုံလမ်း၊ လမင်းသာယာကွန်ဒို၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၄၁၆၇၃၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀)၊ မြေကွက်အမှတ် (၂၃၉/ခ) ကန်တော်မင်္ဂလာလမ်းဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ ပေ x၆၀ပေ) ၀. ၀၂၇၅ ဧက (၁၂၀၀) စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေနှင့် မြေပို (၁၀)ပေ ပါဝင်သော မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိအမည်ပေါက် ပိုင်ဆိုင်လက်ဝယ်ထားရှိပြီး ရောင်းချခွင့်ရှိကြောင်း ကတိပြုရောင်းချသူ ဒေါ်ဇာခြည်မင်းဝေ [၁၂/ရကန(နိုင်) ၀၆၆၅၈၅]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများတင်ပြပြီး လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဇင်အေး L.L.B, D.I.L, D.B.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၈၃၃၂)**
**အမှတ် (၁၅၉၅)၊ ဖိုးရာဇာ (၃)လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်။ ဖုန်း - ၀၉-၄၅၁၃၇၈၀၀၇**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ထော်အောက်ကျေးရွာနေ (ဘ)ဦးထွန်းရွှေ ၏ သား ဦးဝင်းသန်း [၁၂/တတန(နိုင်)၁၇၁၃၂၈]၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၁-၁၉၈၅ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

(ဘ)ဦးချစ်စန်း၏ သား ကျွန်တော် မောင်ဖြိုးဝေလင်း[၈/ပမန(နိုင်)၁၁၅၁၂၅]၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-496374) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၀၈၇၇၃၄၃**

## "သွာနုတ္တသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း"

**ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ တိုက်အမှတ် -၁၅၀/၁၅၂ (၆လွှာ-ဘီ)** နေထိုင်ကြသူများဖြစ်သော **ဦးဇယားဝဒေ [၁၂/မလမ(နိုင်)၁၇၁၈၁၅]** နှင့် **ဒေါ်စန်းမြင့်[၁၂/မဂတ(နိုင်)၀၉၄၃၆၉]** တို့၏ သားဖြစ်သူ **မောင်ကျော်စွာ[၁၂/တမန (နိုင်) ၁၄၁၈၀၅]** သည် မိဘများ၏ ပြောဆိုဆုံးမမှုကို နာခံမှုမရှိသည့်အပြင် မိဘများကို စိတ်ဆင်းရဲအောင် ပြုမူဆောင်ရွက်မှုများ နှင့် မိဘများကို ရန်သူသဖွယ် ပြုမူဆောင်ရွက်ခဲ့ပါသဖြင့် သွာနုတ္တသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့် ပတ်သက်၍ မိဘများမှ ငွေကြေးကိစ္စများကိုသော်လည်းကောင်း၊ လူမှုရေးကိစ္စများကိုသော်လည်း၊ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ထို့အပြင် **မောင်ကျော်စွာ**အနေဖြင့် မိသားစုနှင့် ပတ်သက်ဆက်နွယ်မှုမရှိတော့ပါသောကြောင့် မိဘများကို စိတ်ဆင်းရဲစေရန် ထပ်မံပြုလုပ်ပါက **၎င်းနှင့်တကွ အနှောင့်အယှက်ပြုလုပ်သူ** မည်သည့်ကိုမဆို တည်ဆဲဥပဒေအရ တရားစွဲဆိုခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘဖြစ်သူ ဦးဇယားဝဒေ နှင့် ဒေါ်စန်းမြင့် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရည်မွန်ဇော် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၇၈၂)**
**အမှတ်-၅၉၊ ဒုတိယထပ်၊ ငမိုးရိပ်(၁၀)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၉၄၀၈၁၈၀၀၀**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၄)၊ မြေကွက်အမှတ် (၁၉၈/ခ)၊ အကျယ်အဝန်း(အလျား၂၀ပေx အနံ၆၀ပေ)ရှိ ဒေါ်ရှင် အမည်ပေါက် ပါမစ်မြေကွက်နှင့်ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ လှိုင်းဘွဲ့လမ်း၊ အမှတ်(၁၉၈/ခ) ဟုခေါ်တွင်သော (လက်ရှိ မြေပြင်အခြေအနေ)ရှိမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဇေယျာချစ်[၈/မကန(နိုင်)၁၆၆၂၂၁]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မြလွှဲဝင်း(L.L.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၁၂)**
**ဒေါ်အေးအေးသိန်း(B.A, PGDL)** — **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၆)**
**ဒေါ်စန်းမြသက်(B.Sc, PGDL)** — **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၅)**

**အမှတ်-၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph -၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅**

## ကုန်အမှတ်တံဆိပ်ဆိုင်ရာကြေညာချက်

အောက်ပါကုန်အမှတ်တံဆိပ်အား Z S BEAUTY COMPANY LIMITED (ကုမ္ပဏီမှတ်ပုံတင်အမှတ်-123782003) အမှတ်(၈/ဘီ) ဒဂုံတာဝါ၊ ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးက၊ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ ရန်ကုန်မြို့တွင် ဝန်ခံမြွက်ဟကြေညာစာချုပ်အမှတ်-၄/၉၅၀၆/၂၀၂၄ ဖြင့် မှတ်ပုံတင်သွင်းပြီး၊ Nice Classification Class.5 ဝင် အမျိုးသမီးများ ကျန်းမာသန့်စင်ရေးဆိုင်ရာ ဆေးရည်စသည့် ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ထုတ်လုပ်ဖြန့်ချိ ရောင်းချနေလျက်ရှိပါသည်-

femme fresh
pH Balanced Formula

ယင်းအသိဉာဏ်ပစ္စည်းနှင့်စပ်လျဉ်း၍ မူပိုင်ခွင့်တစ်စုံတစ်ရာကို ထိပါးချိုးဖောက်ခြင်း၊ လိမ်လည်အသုံးပြုခြင်း၊ အတုပြုခြင်း၊ တစ်နည်းနည်းနှစ်နာဆုံးရှုံးစေခြင်း၊ ပိုင်ရှင်သဘောမတူဘဲ ရောင်းချဖြန့်ချိခြင်း၊ ကုန်သွယ်ခြင်း၊ လက်ရှိထားခြင်းမပြုမူကြရန်နှင့် မလိုက်နာက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးခင်မောင်မြင့် B.A.(Law), LL.B.,DL Graduate(WIPO-Switzerland),Advocate(No.2269/22-7-1982).**
**MAC Tower,#၅၆၁(ပထမထပ်)၊ ကုန်သည်လမ်း(၃၅လမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်းရေကန်အလှူဒါယကာကြီး

**ဦးဝင်းစိန်(ဝန်ကြီး-ငြိမ်း)**

မြန်မာ့မီးရထားဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

**အသက် (၈၅) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ခြံအမှတ်(၁၉/၂၀)၊ River View Garden အိမ်ရာဝင်းနေ (ဒေါ်ခင်သိန်းရီ)၏ ခင်ပွန်း၊ ဦးဝင်းစိန်(ဝန်ကြီး-ငြိမ်း) သည် ၇-၁၂-၂၀၂၄ (စနေနေ့) မွန်းလွဲ ၁၃း၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် နှင့် ဇနီး ဒေါ်မေမြင့်မောင်**
**ဝန်ထမ်းမိသားစုများ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးဝင်းစိန်**

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီး (ငြိမ်း)

**အသက် (၈၅)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ River View Garden အိမ်ရာ၊ အိမ်အမှတ်(၁၉/၂၀)နေ ဦးဝင်းစိန် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)၊ အသက်(၈၅)နှစ်သည် ၇-၁၂-၂၀၂၄ ရက် မွန်းလွဲ ၁း၁၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**

## ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ၂၈-လမ်း(အောက်လမ်း)၊ အမှတ် (၇၁/၇၃)၊ အကျယ်အဝန်း (၂၅x၅၈)ပေရှိ (၆-လွှာ) တိုက်မျက်နှာမူလျှင် (ဝဲ) ဟုခေါ်တွင်သည့် တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါတိုက်ခန်းကို တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ **ဦးမိုးကျော်သူဆန်း [၁၂/ပဘတ (နိုင်) ၀၃၁၉၆၁]** ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါသတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (စဉ်- ၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး (စဉ်- ၅၈၂၇) B.Sc,Hon(IC),HGP,R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်- ၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ် (၂၇) ၊ ၁၂၁- လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**Tel: 294766 HP: 09-501 7044**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဝါဆို)၊ မြေကွက်အမှတ်(၃၃၅)၊ ဧရိယာ (၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်(၄)၊ ကမ်းသာယာလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးတင်အောင် [၁၂/ဒဂန(နိုင်) ၀၂၁၁၇၂] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဦးတင်အောင်အပေါ် တရားပြိုင်ထားကာ ဦးခင်မောင်ဦးမှ တရားလိုပြုလုပ်၍ ဒေါပုံမြို့နယ်တရားရုံး၌ ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၆ ဖြင့် ပဋိညာဉ်အတိုင်း မြေနှင့်အိမ် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် တရားစွဲဆိုခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂၇-၂-၂၀၂၃)ရက်စွဲပါ စီရင်ချက်ဒီကရီအမိန့်နှင့် တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၊ ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၈/၂၀၂၃ ၏ (၂၀-၄-၂၀၂၃)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း၊ တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၏ ၂၂-၆-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၁၃၆(က)/၁၃-၁/၂၀၂၃ ဖြင့် ဘီလစ်ခန့်စာတို့အရ တရားရုံးကိုယ်စား ဘီလစ် ဦးဆောင်းလွင်ဦး [၁၂/တမန(နိုင်) ၀၂၉၅၃၁]မှ နှစ်(၆၀)ဂရန် ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ဝါဆိုရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ နှစ်(၆၀) ဂရန်မူရင်းမှာ ၎င်းဝယ်ယူစဉ်ကတည်းက လက်ရောက်ရရှိခဲ့ခြင်းမရှိဘဲ အမည်ပေါက်ပိုင်ရှင် ဦးတင်အောင်၏ လက်ဝယ်တွင်ပင် ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်မှာ မှန်ကန်ကြောင်း ဦးခင်မောင်ဦး၏ တရားရုံးကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာပါသည်။ မြေစာရင်းမှတ်ချက်(၁)ရှိ ၂၀၁၃ ခုနှစ်တွင် ဦးတင်အောင်မှ ဂရန်မိတ္တူလျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရန် ဤဌာနမှ အကြောင်းကြားခဲ့မှုအပေါ် အဆိုပါမြေကွက်၏ ဂရန်မူရင်းမှာ ၎င်းဝယ်ယူစဉ်ကတည်းက ပျောက်ဆုံးနေခြင်းဖြစ်ပြီး၊ အမည်ပေါက် ဦးတင်အောင်မှ ဂရန်မိတ္တူလျှောက်ပေးမည်ဟုပြော၍ ၎င်းမှ ဝယ်ယူခဲ့ခြင်းဖြစ်ပါကြောင်းနှင့် ဦးတင်အောင်အနေဖြင့် အကြောင်းကြားစာပါ ၂၀၁၃ ခုနှစ်က ဂရန်မိတ္တူအား အမှုတွဲဖွင့် လျှောက်ထားခဲ့သော်လည်း အဆိုပါအမှုတွဲအား ပြီးပြတ်အောင်ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ဂရန်မိတ္တူကိုလည်း ထုတ်ယူခဲ့ခြင်း လုံးဝ မရှိသည်မှာ မှန်ကန်ပါကြောင်း၊ အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့ပါကလည်း ၎င်းမှတာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ပါကြောင်း တရားနိုင် ဦးခင်မောင်ဦး ၏ (၁၈-၁၁-၂၀၂၄) ရက်စွဲပါ တရားရုံး ကျမ်းကျိန်လွှာနှင့်အတူ ရှင်းလင်းတင်ပြလာပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအတိုင်း ဒေါပုံမြို့နယ်တရားရုံး ဘီလစ် ဦးဆောင်းလွင်ဦးမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားမှုအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်စိန်စိန်(ရေဦး)

ဆရာမကြီး(ငြိမ်း)(အ.ထ.က ၂) လသာ BA.BED

**အသက် (၈၇) နှစ်**

ရေဦးမြို့နေ ဘုရားဒါယကာ၊ ကျောင်းဒါယကာ၊ ကုန်သည်ပွဲစားကြီး (ဦးဘလွန်း-ဒေါ်တင့်တင့်)တို့၏ သမီးငယ်၊ (ရုပ်သံညွှန်မှူးဦးသိန်းတန်) ၏ဇနီး၊ (ဒေါ်ခင်စန်း)၊ Dr.ဦးခင်မောင်သွင်၊ (Dr. ဦးကျော်-ဒေါ်ခင်ပြုံး)တို့၏ ညီမ၊ (ဦးခင်မောင်အေး)-ဒေါ်စောကြည်တို့၏ အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏ အဒေါ်သည် ၉-၁၂-၂၀၂၄ (တနင်္လာနေ့) နံနက် ၈ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၁-၁၂-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ငွေကြည်**

**အသက် (၇၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဇ)တောင်ရပ်ကွက်၊ (E-2)၊ (ကျွဲခြံတံအိမ်ရာ)နေ (ဦးအောင်ပြန်-ဒေါ်မြရွှေ)တို့၏ သမီး၊ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နေ ဦးတင်ယု-(ဒေါ်ခင်ရီ)၊ (ဦးရွှေဝင်း)-ဒေါ်ငွေတီတို့၏ ညီမ၊ (ဦးသက်ထွန်း)-ဒေါ်ငွေခြည်၊ (ဦးကြည်ရွှေ)-ဒေါ်ခင်သန်းနွဲ့၊ ဦးဉာဏ်စိုးအောင်-ဒေါ်သိမ့်သိမ့်အေးတို့၏ အစ်မ၊ ပါမောက္ခ ဦးသိန်းမြင့်- တွဲဖက်ပါမောက္ခ ဒေါ်ခင်သင်းယုတို့၏ အဒေါ်၊ တူ/တူမ ၁၇ ယောက်တို့၏ အဒေါ်သည် ၈-၁၂-၂၀၂၄ (တနင်္ဂနွေနေ့) ညနေ ၆:၅၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၁၀-၁၂-၂၀၂၄ (အင်္ဂါနေ့) နံနက် ၁၁:၃၀ နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၂-၂၀၂၄ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အများသိစေရန်ကြေညာချက်

တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ စပါယ်လမ်း၊ အမှတ်(၇၁)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/စီမံကိန်း-၁)၊ မြေကွက်အမှတ်(၇၁)တွင် (၁)ခန်းတည်း (၆)ထပ်တိုက်(Partial Slab Roof)(လူနေရန်၊ အခန်းပေါင်း(၆)ခန်း) အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ နှစ်(၆၀) မြေငှားစာချုပ်အမည်ပေါက် ဒေါ်ဆင်၏ အထွေထွေကိုယ်စားလှယ်လွှဲစာ(GP)ရရှိသူ ဦးမျိုးနိုင်မှ တင်ပြလျှောက်ထားလာရာတွင် မြေအမည်ပေါက်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြနိုင်မှုမရှိခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၆-စီ)၊မြေကွက်အမှတ်(၂၁အမ်/၁)၊ဧရိယာ(၀.၂၀၆)ဧက၊မြေကွက်တည်နေရာအမှတ်(၇၄/A)၊အင်းယားလမ်း၊(၁၀)ရပ်ကွက်၊ကမာရွတ်မြို့နယ်၊မြေအမျိုးအစား-မြေပိုင်မြေ(မစိုက်ပျိုးမြေ)မြေအားအမည်ပေါက်-ဒေါ်တင်မာဝင်း(၁၂/ကမရ(နိုင်)၀၂၇၆၂၁)ကိုယ်တိုင်မှတရားဝင်မခွဲမစိတ်ရသေးသော(အလျား ၃၀ပေ×အနံ ၃၀ပေ)အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်-၄၉၅၈/၂၀၂၂(၂၂-၆-၂၀၂၂)ဖြင့် ပိုင်ဆိုင်သူဒေါ်မေမီအုံးတင်(ခ)မာမာတင်(၁၂/ကမရ(နိုင်)၀၂၇၂၉၀)နှင့် အတူပူးတွဲ၍ပိုင်ဆိုင်စာချုပ်အမှတ်-၂၁၁၇/၂၀၀၈(၂၄-၉-၂၀၀၈)မိတ္တူမှန်၊ အရောင်းစာချုပ်၊ဝင်ငွေခွန်၊တံဆိပ်ခေါင်းခွန်၊မြေတိုင်း(၀bj)၊နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကိုတင်ပြ၍မြေကွက်ခွဲစိတ်ရန်မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၄၊မြေကွက်အမှတ်-၃၀၀၊မြေကွက်တည်နေရာအမှတ်-၃၀၀၊ဘုရင့်နောင်လမ်း၊(၄၄)ရပ်ကွက် ဒဂုံမြောက်၊ဦးသိန်းထွန်း(WKA-၀၀၃၅၁၄)အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအားဂရန်အမည်ပေါက်-ဦးသိန်းထွန်း(ခင်ပွန်း)ကွယ်လွန်သဖြင့်၎င်း၏တရားဝင်ဇနီးတော်စပ်သူဒေါ်ညွန့်ရင်(၁၂/မဂတ(နိုင်)၀၅၃၉၆၄)မှမိမိမှာကွယ်လွန်သူ၏တရားဝင်ဇနီးတော်စပ်ကြောင်း၊အခြားသောဇနီး/မယားတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ခင်ပွန်းကွယ်လွန်ပြီးနောက်အထက်ပါမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည်မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရမိမိသာလျှင်တရားဝင်အမွေဆက်ခံခွင့်ရှိကြောင်းကျမ်းကျိန်လွှာ၊ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ခင်ပွန်းဖြစ်သူသေစာရင်း၊အိမ်ထောင်စုစာရင်း၊ဂရန်၊နိုင်ကတ်တို့တင်ပြ၍ဒေါ်ညွန့်ရင်မှပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်အလှူဒါယကာကြီး

# ဦးဝင်းစိန်(ဝန်ကြီး-ငြိမ်း)

## မြန်မာ့မီးရထားဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## အသက်(၈၅)နှစ်

ရန်ကုန်မြို့နေ (ဒေါ်ခင်သိန်းရီ)၏ခင်ပွန်း၊ ဦးဝဏ္ဏ-ဒေါ်စန္ဒာဝင်း၊ ဦးအောင်မြင့်(ညွှန်ကြားရေးမှူး)-ဒေါ်သန္တာဝင်း၊ ဦးလင်းဇော်ဝင်း-ဒေါ်ကြည်ကြည်ခိုင်တို့၏ ချစ်လှစွာသောဖခင်၊ ဦးလင်းထက်အောင်၊ ဒေါက်တာမြတ်သင်းခိုင်၊ ဒေါက်တာမင်းသန့်ခိုင်၊ မောင်စွမ်းပြည့်စုံဝင်း၊ မောင်ဘုန်းမြင့်မြတ်ဝင်းတို့၏အဘိုးသည် ၇-၁၂-၂၀၂၄ရက် (စနေနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ဂရန်းဟံသာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၂-၂၀၂၄ ရက်၊(စနေနေ့) ညနေ ၄:၃၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ ရေကန် ဒါယိကာမကြီး

**သီဟသုဓမ္မသိင်္ဂီ ဒေါ်သွင်သွင်**

**အသက် (၇၉)နှစ်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရှမ်းပွဲရပ်နေ ကိုမျိုးကျော်သွင်၊ ကိုမျိုးကျော်လွင်-ဒေါက်တာသီရိဝေတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မကြည်စင်သန့်၊ မသုသီရိလွင်၊ မသစ်သီရိလွင်တို့၏ ဘွားဘွား၊ သီဟသုဓမ္မဇောတိကဓဇ ဓဇ၊ ဦးကျော်ဝင်း (သစ္စာစေတနာဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေးနှင့် သီရိသစ္စာဟိုတယ်)၏ ချစ်လှစွာသောဇနီးသည် ၈-၁၂-၂၀၂၄ (တနင်္ဂနွေနေ့) ည ၁၁:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၂-၂၀၂၄ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရှမ်းပွဲရပ်နေအိမ်မှ တောင်အင်း-မြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသုဘရှုကြွရောက်ပို့ဆောင်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇၈၊ မြေကွက်အမှတ်-၈၅၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဦးခင်မောင်စန်း အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက် အပါအဝင် ယင်းနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားအကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် ပိုင်ဆိုင်အကျိုးခံစားမှုအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးခင်မောင်စန်း [၇/ကပက(နိုင်) ၀၅၂၅၇၄] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးထက်ကို (LL.B)** | **ဦးထက်ဦးလွင် (LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၁၆၂၄)** | **အထက်တန်းရှေ့နေ (စဉ်-၅၂၆၆၆)** |
| **ဖုန်း- ၀၉-၇၈၅၅၈၄၃၀၇** | **ဖုန်း- ၀၉-၂၅၀၀၂၁၇၀၈** |

**အမှတ်- ၁၂၂၊ ပထမထပ်(ဝဲ)၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## “အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(က)၊ မြေကွက်အမှတ်- (၄)၊ ဝေဘာဂီလမ်းရှိ အကျယ်အဝန်း ပေ(၃၀x၆၀) မြေပေါ်တွင် (၂)ခန်းတွဲ (၃)ထပ်တိုက်၏ ဒုတိယထပ်(၁ လွှာ) (တိုက်မျက်နှာမူညာဘက်ခြမ်း)၊ အခန်းအကျယ်အဝန်း (၁၂ပေခွဲx ၆၀ပေ)ရှိ တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းမရှိကြောင်း ရောင်းချသူ ဦးစန်းဝင်း [၁၂/မဘန(နိုင်) ၀၀၆၅၈၈]မှ ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မျိုးသဇင်အေး [၁၂/ဥကမ (နိုင်)၂၀၃၉၄၅]မှ (၇-၁၂-၂၀၂၄)ရက်နေ့တွင် “နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်”ဖြင့် ငွေအပြေအကျေပေးချေကာ ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ကြောင်းနှင့် အဆိုပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မျိုးသဇင်အေးမှ ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်၍ တစ်ဦးတည်းသာလျှင် သက်ဆိုင်ခံစားပိုင်ခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မျိုးသဇင်အေး [၁၂/ဥကမ(နိုင်)၂၀၃၉၄၅] ၏လွှဲအပ်ချက်အရ-**
**ဒေါ်ပိုးအိစံ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၈၀၄/၂၀၂၀)**
**အမှတ်(၃၃/၄၉)၊ ပထမထပ်၊အခန်း(၁)၊ STRAND Condominium၊မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ မြို့သစ်(၄)လမ်း၊ အမှတ်(၁၁၈)၊ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်အဆောက်အဦမှ ဒုတိယထပ်၊ (၃)လွှာ၊ ခေါင်းရင်းခန်းဟုခေါ်တွင်သော (အလျား ၁၂½ပေx အနံ ၅၀ပေ)အကျယ်အဝန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုထားသော ဒေါ်လင်းလက်ဝင်း [၁၂/မရက(နိုင်) ၁၉၂၄၆၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးထက်လင်းအောင် [၁၂/လသယ(နိုင်) ၀၆၇၆၃၄]က ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဦးကျော်နိုင်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၉၂၇၃)**
**အမှတ်(၁၅၅)၊ ခေမာ(၃)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၀၀၇၂၆**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပညာရေးအခြေခံမကောင်းပါက မိမိအတွက်သော်လည်းကောင်း၊ မိမိဘဝ၊ မိမိ မိသားစုဘဝနှင့် မိမိပတ်ဝန်းကျင်၊ တိုင်းပြည်နှင့် လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် မဖြစ်နိုင်...**

❖ **ထို့ကြောင့် အခြေခံပညာကဏ္ဍတွင် လူငယ်လူရွယ်အားလုံး၊ ကျောင်းနေရမည့်အရွယ်အားလုံး ကျောင်းနေနိုင်ရေးနှင့် ပညာကို ဆုံးခန်းတိုင် သင်ယူနိုင်ရေးသည် အလွန်အရေးကြီး ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံသြဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ၉ - ၁၂ - ၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ နှင့်အထက်ရှိသော စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၅၃၁၀၀၀၀ ဖြစ်သည်။

**(ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ)**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား


နေပြည်တော် ဒီဇင်ဘာ ၉

၂၀၂၄ ခုနှစ် ယနေ့မွန်းလွဲ ၁ နာရီ ၂၈ မိနစ် ၁၃ စက္ကန့်တွင် သီပေါ မြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၆၉ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (သိန္နီမြို့၏ အရှေ့မြောက်ဘက် ခုနစ်မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၃၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒသမ ဝ၃ ဒီဂရီ၊ အနက် ၁၁ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် ဒီဇင်ဘာ ၉

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာအရှေ့ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ကာ ဒီဇင်ဘာ ၁၁ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း(သီရိလင်္ကာနိုင်ငံကမ်းလွန် - အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေ)သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**




## ASEAN Cup ပြိုင်ပွဲ အဖွင့်ပွဲတွင် မြန်မာအသင်း အိမ်ကွင်း၌ အရေးနိမ့်



မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကြစဉ်။

နေပြည်တော် ဒီဇင်ဘာ ၉

၂၀၂၄ ASEAN Cup ပြိုင်ပွဲ အုပ်စု (B) ပထမနေ့ကို ဒီဇင်ဘာ ၉ ရက်က ကျင်းပရာ မြန်မာအသင်းသည် အိမ်ကွင်း၌ အင်ဒိုနီးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် အိမ်ကွင်း၌ အင်ဒိုနီးရှားအသင်းကို အကောင်းဆုံးတုံ့ပြန်နိုင်သော်လည်း ရရှိသင့်သည့် ဂိုးသွင်းခွင့်များ ဂိုးအဖြစ် မပြောင်းလဲနိုင်ခြင်းနှင့် ဒုတိယပိုင်းတွင် ပေးလိုက်ရသည့် ဂိုးကြောင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအနေဖြင့် ယခုပွဲတွင် အနိမ့်ဆုံး သရေတစ်မှတ်ရသင့်သော်လည်း နစ်နာသည့်ပွဲ ဖြစ်ခဲ့ရသည်။

ပြည်ပကလပ်အသင်းတချို့က ကစားသမားများ မစေလွှတ်ခြင်း၊ ဒဏ်ရာရကစားသမားများ ရှိနေခြင်းတို့ကြောင့် လူမစုံသည့် မြန်မာအသင်းသည် ပွဲထွက်လူစာရင်းတွင် ဇင်ညီညီအောင် (ဂိုး)၊ ဟိန်းဖြိုးဝင်း၊ သက်ဟိန်းစိုး၊ သီဟထက်အောင်၊ နန္ဒကျော်၊ ဇော်ဝင်းသိန်း၊ ဝေလင်းအောင်၊ လွင်မိုးအောင်၊ သီဟဇော်၊ မောင်မောင်လွင်၊ အောင်ကောင်းမာန်တို့ဖြင့် ပွဲထွက်ခဲ့သည်။

**စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ★**

**ယနေ့** ဖတ်စရာ

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၂/၂၀၂၄)** စာမျက်နှာ » ၁၆

**အုတ်ဖိုမြို့နယ် ဝါးဖြူချောင်းကျေးရွာနှင့် ချောင်းစောက်ကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိ** စာမျက်နှာ » ၁၇

**၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေများ** စာမျက်နှာ » ၁၈

**အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်း အုပ်စု(E)တွင် ကျရောက်** စာမျက်နှာ » ၂၀